# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၃၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို နံနက် ၁၀း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၆၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၃၀) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူ စုစုပေါင်း ၆၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၅ ဦး အနက် ၃၁ ဦးကတော့ ယခင်ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားထားသူ ၃၄ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၊

(၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၊

(၄) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး၊

(၅) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၊

(၆) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်၊

(၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၊

(၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊

(၉) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း၊

(၁၀) လပ္ပတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း၊

(၁၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊

(၁၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊

(၁၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊

(၁၄) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၊

(၁၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊

(၁၆) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၊

(၁၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၊

(၁၈) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊

(၁၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း၊

(၂၀) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊

(၂၁) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး၊

(၂၂) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊

(၂၃) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်၊

(၂၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး၊

(၂၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်၊

(၂၆) ထန်းတပင်မဲဆန္ဒနယ် ဦးစိန်ထွန်း၊

(၂၇) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၊

(၂၈) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၂၉) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊

(၃၀) ဒဂုံဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်၊

(၃၁) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း၊

(၃၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်း၊

(၃၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းတို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ကျရောက်နေသော ဓာတ်ရောင်ခြည်သင့်မှုကို ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ပထမဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို ကျေးဇူးအထူးတင်ရှိကြောင်း ကျွန်တော် ပြောကြားလိုပါတယ်။ ဒီမေးခွန်းကို ၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ အရေးကြီးအဆိုအဖြစ် တင်ခဲ့တဲ့အခါမှာ ပြည်သူ့လွှတ်တော်ပြန်ပြီး မေးခွန်းရအောင်လို့ ကြိုးစားလုပ်ဆောင် ခွင့်ပြုပေးတဲ့အတွက် အများကြီးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးရတဲ့အကြောင်း လေးတော့ နည်းနည်းလေးကျွန်တော့်ကို ရှင်းပြခွင့်ပြုပါ။ ဒီရက်ပိုင်းမှာ သတင်းစာတို့၊ ဂျာနယ်တို့ထဲမှာ ဘာတွေ သတိထားမိလဲဆိုတော့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုနှုန်း မြို့ကြီးတွေပေါ်မှာ အများကြီးများနေတဲ့အကြောင်း ကျွန်တော် ဖတ်မိပါတယ်။ ပြီးခဲ့တဲ့ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နေ့များမှာ ရန်ကုန်မြို့မှာကျခဲ့တဲ့နှုန်းဟာ သိပ်ကို မြင့်မားပါတယ်။ သောကြာနေ့မှာဆိုရင် ၁၀ နာရီအချိန်က စပြီးကျလိုက်တာ ၁၂.၃၊ ၁၂.၅၊ စနေနေ့မှာဆိုရင် ၁၃ ကျော်သွားတဲ့အထိအောင်၊ ဒီလိုပဲ တနင်္ဂနွေနေ့မှာလည်း ၁၇ ရက်နေ့မှာ ၁၃.၄ အဲ့ဒီလိုတွေ့တဲ့အခါမှာ ကျွန်တော် ဒီခရမ်းလွန်ရောင်ခြည်နှင့်ပတ်သက်လို့ လေ့လာကြည့်ပါတယ်။ ဖတ်လိုက်တဲ့အခါမှာ ခရမ်းလွန်ရောင်ခြည်က လူသားတွေရဲ့ကောင်းကျိုးကို ပေးတာရှိသလို ဆိုးကျိုးကို တအားမြင့်မားတဲ့ အခါမှာ ဆိုးကျိုးဖြစ်နိုင်တယ်ဆိုတော့ ဘာတွေဆိုးကျိုးဖြစ်နိုင်သလဲဆိုတော့ ခရမ်းလွန်ရောင်ခြည် အဆင့် ၈ ထက်မြင့်လာရင် အန္တရာယ်ရှိတဲ့အဆင့်ဖြစ်လာတယ်။ အဲ့ဒီမှာ ပထမဆုံးဖြစ်နိုင်တာက အရေပြား ကင်ဆာ၊ မျက်စိတိမ်စွဲခြင်း ဒါမျိုးတွေဖြစ်တယ်ဆိုတော့ ခရမ်းလွန်ရောင်ခြည်က ကမ္ဘာကို ၁၉၇၉ နှစ် လောက်ကတည်းကစပြီး သတိထားမိလာတာပါ။ ကမ္ဘာကြီးစက်မှုထွန်းကားလာတာနှင့်အမျှ ဓာတ်ငွေ့အားလုံးများပြားလာတဲ့အခါမှာ အပူရှိန်မြင့်တက်လာပြီးတော့ အိုဇုန်းလွှာက တဖြည်းဖြည်း ပါးပြီးတော့ ကမ္ဘာကို ခရမ်းလွန်ရောင်ခြည်ရဲ့ ကျရောက်မှုနှုန်းက ကာကွယ်ပေးထားတဲ့ ကမ္ဘာလေထုထဲက အိုဇုန်းလွှာပေါက်သွားပြီးတဲ့အခါကျတော့ ဒီခရမ်းလွန်ရောင်ခြည်တွေကျတဲ့နှုန်းများလာတာပါ။ များလာတဲ့အခါကျတော့ ကမ္ဘာ့ကုလသမဂ္ဂကလည်း ထုတ်ပြန်ထားတာရှိပါတယ်။ အာဖရိကမှာဆိုရင် ခရမ်းလွန်ရောင်ခြည်ကြောင့် ရောဂါရတဲ့ လူပေါင်းဟာ ၁၀ သန်းကျော် ဖြစ်နေပါတယ်။ ကမ္ဘာ့ကျန်းမာ

ရေးအဖွဲ့ကြီးကနေ ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေထဲမှာလည်း ဒီခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိကွယ်ရတဲ့ ၃ သန်းလောက်ဟာ လူဦးရေ ၂၀ ရာခိုင်နှုန်းက ဒီခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်ရတာလို့ တွေ့ရတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း ခရမ်းလွန်ရောင်ခြည်ဟာ ၂၀၁၁ ခုနှစ်လောက်ကစပြီးတော့ တွေ့ရပြီးတော့ အခုတအားမြင့်လာတာဖြစ်လာတဲ့အတွက် သူရဲ့ ထိခိုက်နိုင်မှုနှုန်းဟာ လူငယ်တွေမှာဆိုရင် သားသမီးမရနိုင်တဲ့ အထိဖြစ်နိုင်ပါတယ်။ နောက်အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲတာ၊ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံက အပူပိုင်းဒေသမှာကျနေတဲ့အခါကျတော့ အခုဒီလပြီးရင် ဧပြီ၊ မေဟာ တအားပူမယ်ရာသီဥတုကြီးခံစားရမှာပါ။ အဲ့ဒီမှာ လူငယ်တွေဟာ သင်္ကြန်တွင်းမှာ ရေကစားတာတို့၊ တစ်နေ့ကုန် လမ်းအလုပ်သမားတွေ၊ တပ်မတော်သားတွေ၊ ပြည်သူ့ရဲတွေ၊ ဒီလိုပဲ ဆောက်လုပ်ရေးအလုပ်သမားတွေ၊ တောင်သူလယ်သမားတွေ နေပူဆပ်ခါးထဲမှာ လုပ်နေရတဲ့ သူတွေဟာ ဒီခရမ်းလွန်ရောင်ခြည်ရဲ့ အန္တရာယ်ကို ကျွန်တော်တို့ သတိပြုမိအောင် ပြည်သူကြားမှာ ထုတ်ပြန်ပေးဖို့လိုတယ်လို့ ထင်တဲ့အတွက် ကျွန်တော် ဒီဟာကို တင်ခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုးစီးပွားအတွက် ကျယ်ကျယ်ပြန့်ပြန့်လည်း ထုတ်ပြန်ပေးဖို့လိုပြီလို သိရပါတယ်။ နိုင်ငံမှာတော့ ဒီရောင်ခြည်ကို တိုင်းတာနိုင်တဲ့စက်မရှိသေးပါဘူး။ ဒါပေမယ့်လို့ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်နိုင်ငံတွေမှာ ဩစတြေးလျမှာဆိုရင် ၂၀၀၅ ခုနှစ်ကတည်းကစပြီးတော့ ဒီဟာကို နေ့စဉ်ထုတ်ပြန်ပေးနေတာ အခုအချိန်အထိရှိနေပါတယ်။ အမေရိကားမှာဆိုရင် ၂၀၀၄ ခုနှစ်ကတည်းကစပြီးတော့ ထုတ်ပြန်ပေးတာတွေရှိပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီခရမ်းလွန်ရောင်ခြည်ရဲ့အန္တရာယ်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ရာအတွက် နိုင်ငံတော်ကနေတာဝန်ယူပြီးတော့ ဝန်ကြီးဌာနတွေကကျတော့ ထုတ်ပြန်ပေးဖို့လိုပြီလို့ ကျွန်တော်ယူဆတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အခုလိုမေးခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းကတော့ လူသားများအတွက် အန္တရာယ်ကြီးမားလှသည့် ဓာတ်ရောင်ခြည်သင့်မှုကို ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ (Ultra Violet Rays) ရန်ကုန်မြို့ကြီးများတွင် ကျရောက်နေခြင်းကို ပြည်ထောင်စုအစိုးရမှ သိပါသလား။ သိရှိပါလျှင် ပြည်ထောင်စုအစိုးရက မည်သည့်အစီအစဉ်ပြုလုပ်နေသည် သို့မဟုတ် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါသဖြင့် မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ဖြေကြားရန် ဖြစ်ပါတယ်။ ဦးစွာ ကျန်းမာရေးဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင့်။ ကျွန်မအနေနဲ့ ခရမ်းလွန်ရောင်ခြည်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒေါက်တာသိန်းသိန်းဌေး၊ ဒုတိယဝန်ကြီးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ အဆိုတွင်ပါရှိသည့် ခရမ်းလွန်ရောင်ခြည်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလုပ်ဆောင်နိုင်ရန် တိုက်တွန်းသည့်အဆိုသည် လွန်စွာအရေးကြီးပြီး ကျန်းမာရေးအတွက် အလွန်အရေးကြီးတဲ့အချက်ဖြစ်သည့်အားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ခံ၍ ကြိုဆိုထောက်ခံကြောင်း တင်ပြလိုပါတယ်။ ကမ္ဘာကြီးပိုမိုပူနွေးလာပြီး ရာသီဥတုပြောင်းလဲလာတဲ့အခြေအနေမှာ အဆိုမှာပါဝင်တဲ့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်လာတဲ့အန္တရာယ်ကို ကျွန်မတို့အားလုံးလေ့လာကြည့်မယ်ဆိုရင် ပြည်သူလူထုအတွင်းမှာ ထိတ်လန့်တကြားဖြစ်ရန် မဟုတ်သော်လည်း လစ်လျူရှုမထားဘဲ နိုးကြားစွာကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အတွက် အထူးလိုအပ်ကြောင်းလည်း ထပ်မံထောက်ခံတင်ပြလိုပါတယ်။ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မကြာခဏထည့်သွင်းဖော်ပြလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀ ရက် ၂၀-၃-၂၀၁၃ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများမှာလည်း ပါရှိပြီးတော့ ပူပြင်းတဲ့နွေရာသီကို ရောက်ရှိလာတဲ့အတွက် မကြာခဏထုတ်လွှင့်နေကြတဲ့သတင်းလည်း ဖြစ်ပါတယ်။ ကျွန်မတို့အတွက် ကံအားလျော်စွာ ဒီအပူဒဏ်အန္တရာယ်ကာကွယ်ရေးနိုးဆော်ချက်မှာပါတဲ့ ပြည်သူလူထုများ လိုက်နာကျင့်သုံး ဆောင်ရွက်သင့်တဲ့ အကြံပြုထားတဲ့ အချက်များသည်လည်း ခရမ်းလွန်ရောင်ခြည်ကာကွယ်နိုင်ဖို့အတွက် နည်းလမ်းများနဲ့ ထပ်ချပ်တူနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ခရမ်းလွန်ရောင်ခြည်ကာကွယ်တဲ့နည်းလမ်းများကို အထူးပြုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ရန် စီစဉ်ထားရှိပြီးလည်း ဖြစ်ပါတယ်။ ကာကွယ်ရန်နည်းလမ်းများ အကျဉ်းချုပ်အနေနဲ့တင်ပြရရင်တော့ အပူဒဏ်ကာကွယ်သကဲ့သို့ပဲ အရိပ်ရသော နေရာမှာနေဖို့ ဒါလူတိုင်းသိပြီးသား အချက်အလက်ဖြစ်ပေမယ့်လည်း အလွန်အရေးကြီးတဲ့ ကာကွယ်နည်းကတော့ နေပူထဲမှာ တတ်နိုင်ရင် မဖြစ်မနေနေရတဲ့ အချိန်ကလွဲလို့ ကြာကြာမနေခြင်း ဖြစ်ပါတယ်။ ဒါကိုလည်း ပြည်သူအများ နားလည်နိုင်တဲ့ အသုံးအနှုန်းတွေ ရပ်ကွက်၊ ကျေးရွာအထိ ကျန်းမာရေးလုပ်ငန်းများ

လည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တကယ်တော့ ကမ္ဘာမြေပေါ်ကို ခရမ်းလွန်ရောင်ခြည် တစ်နှစ်ပတ်လုံးကျရောက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကျွန်မတို့ ရာသီဥတုပြောင်းလဲလာတဲ့အနေအထားမှာ ခရမ်းလွန်ရောင်ခြည် စံညွှန်းကိန်းဟာ တဖြည်းဖြည်းနဲ့ တစ်ကမ္ဘာလုံးမှာ ပူပြီးမြင့်တက်လာတာ ဖြစ်ပါတယ်။ အဲ့ဒီမှာတော့ အေးတဲ့ ဒေသမှာနေတဲ့လူကလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ်ခံစားနိုင်သလို ကမ်းခြေတစ်ဝိုက်ကို ရောက်ရင်လည်း သဲနှင့်ရေဟာ နေရောင်ကို ပြန်ပြီးတော့ အရောင်ကိုပြန်စေတဲ့အတွက် ခရမ်းလွန်ရောင်ခြည် လူကိုယ်ပေါ်ကို ကျရောက်စေနိုင်ပါတယ်။ ကျောင်းမှာ ရေကူးနေရင်လည်း မထိဘူးလို့ ယူဆလို့ မရပါဘူး။ ဒီခရမ်းလွန်ရောင်ခြည်ဟာ ရေကိုလည်း ထိုးဖောက်နိုင်ပါတယ်။ ရိုးရိုးမှန်ကာထားတဲ့ အိမ်၊ ကားပြတင်းတံခါးတွေကိုလည်း UV B ကို ကာကွယ်နိုင်ပေမယ့် အများစု ၉၀ ရာခိုင်နှုန်းကျော် ကျရောက်နေတဲ့ UV A ကို မကာကွယ်နိုင်ပါဘူး။ ဒါကြောင့် မှန်အစား ဖိုက်ဘာပလပ်စတစ် သုံးခြင်း၊ မှန်ကို သုတ်ဆေးသုတ်ခြင်း၊ ပိုလီမာများဖြင့် ကာကွယ်ခြင်းအစရှိတာထက် ပညာပေးတဲ့အထဲမှာလည်း ဒါတွေ ထည့်သွင်းထားပါတယ်။

ဒုတိယအချက်ကတော့ နေရောင်ခြည်ဒဏ်ကနေကာကွယ်နိုင်တဲ့ အဝတ်အစားတွေ ဝတ်ဆင်ဖို့ ဖြစ်ပါတယ်။ ဒါကိုလည်း အထူးသဖြင့် မကြာခင်ကျရောက်တော့မယ် ဧပြီလမှာကျရောက်တော့မယ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်မှာ ပါဝင်ဆင်နွှဲကြမယ့်လူငယ်များအထူးသဖြင့် လူငယ်များရော အားလုံးအနေနဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် ဖြစ်ပွားနိုင်တဲ့ အရေပြားထိခိုက်မှုများ မဖြစ်ပေါ် မခံစားကြရစေဖို့အတွက် အထက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုတွေကို ကျွန်မတို့ ဝတ်စားဆင်ယင်ရာမှာလည်း မိမိတို့ အရေပြားကို နေရောင်ခြည်နှင့် တတ်နိုင်သမျှ မထိတွေ့စေတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ပြီး ပါဝင်ဆင်နွှဲဖို့အတွက်လည်း အရေပြားအထူးကုဆရာဝန်ကြီးများရဲ့ အကြံပြုချက်နဲ့ ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်ပညာပေးဖို့ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ နေရောင်ကာ လိမ်းဆေးလိမ်းဖို့နှင့် နေရောင်ကာ မျက်မှန်ဆိုတာလည်း အရောင်မဲတိုင်း ကာကွယ်နိုင်တာမဟုတ်ဘူးဆိုတဲ့အချက်ကိုလည်း ပြည်သူတွေကို ပညာပေးတဲ့အခါမှာ ဒါတွေကိုလည်း ထည့်သွင်းထားပြီး ဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်း အသိပေးကြေညာပေးမှာ ဖြစ်ပါတယ်။ မျက်မှန်ရဲ့ အညွှန်းမှာ ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်တယ်လို့ ရေးထားတဲ့ မျက်မှန်မျိုးမှာပဲ တကယ်ကာကွယ်ပေးနိုင်တယ်ဆိုတဲ့အချက်ကိုလည်း ကျွန်မတို့ ထည့်သွင်းပညာပေးပါတယ်။ အရေးကြီးတဲ့အချက်ကတော့ ဒီ UV အညွှန်းကိန်းများကို အများပြည်သူသိရှိအောင်လို့လည်း သတ်မှတ်ထုတ်ပြန်ကြေညာသင့်ကြောင်း

ကိုလည်း အကြံပြုတင်ပြလိုပါတယ်။ အချို့နိုင်ငံတွေမှာတော့ မိုးလေဝသသတင်းများထဲမှာပါ ထည့်သွင်းပြီးတော့ ကြေညာထားပါတယ်။ ဒီ Weather Online ဆိုတဲ့ အင်တာနက်ကနေပြီးတော့မှ နိုင်ငံတိုင်းရဲ့ မြန်မာနိုင်ငံဆိုတဲ့ မြို့ကြီးတော်တော်များများရဲ့ UV Index တွေကို နာရီအလိုက်ပါ သိနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ပြည်သူများအားလုံးကလည်း အရိပ်ရအပင်များ စိုက်ပျိုးပြီးတော့ ရာသီဥတုပြောင်းလဲမှုကို ခုခံတဲ့နေရာမှာ အထောက်အကူပြုဖို့အတွက် ဆောင်ရွက်သင့်သလို ယခု ကျွန်မ တင်ပြခဲ့တဲ့ အကြံပြုချက်များကို ပြည်သူများအနေနဲ့ ပူးပေါင်းလက်ခံလိုက်နာကျင့်သုံးလာနိုင်ကြဖို့ အတွက်လည်း ပညာပေးအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုသတင်းအချက်အလက်များ ရရှိနိုင်ရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားစေရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခရမ်းလွန်ရောင်ခြည်များ ကျရောက်ခြင်းနှင့်ပတ်သက်ပြီး ပြည်သူ့ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် အသိပညာပေးမှုများကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းအပြင် MRTV-4, Myanmar International(MI), Sky Net တို့ကလည်း ထုတ်ဝေပေးသွားနိုင်ရေး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မြန်မာ့အသံ ရေဒီယိုမှ ထုတ်လွှင့်ခြင်းအပြင် မန္တလေးပဉ္စဝတီ၊ ချယ်ရီအစရှိတဲ့ FM လိုင်းများမှလည်း ထုတ်လွှင့်ပေးသွားဖို့ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ်ထုတ်သတင်းစာများဖြစ်တဲ့ မြန်မာ့အလင်း၊ ကြေးမုံနှင့် The News Light of Myanmar သတင်းစာများမှာ ဖော်ပြခြင်းအပြင် ဂျာနယ်၊ စာစောင်များမှာလည်း ဖော်ပြနိုင်အောင်စီစဉ်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် စီမံဆောင်ရွက်သွားမယ့်အကြောင်း တင်ပြလိုပါတယ်။ အပူဒဏ်နှင့်ပတ်သက်တဲ့ ကြိုတင်အသိပေးနှိုးဆော်မှုများဖြင့် အပူဒဏ်

ကာကွယ်ရေးနိုးဆော်ချက်ထုတ်ပြန်ခြင်း၊ ခရမ်းလွန်ရောင်ခြည်အကြောင်းအရာအပါအဝင် အပူဒဏ်နှင့်ပတ်သက်တဲ့ အကြောင်းအရာများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ သတင်းနှင့် အင်တာဗျူးပုံစံဖြင့်လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများမှာ သတင်း၊ ခေါင်းကြီး၊ ဆောင်းပါးနှင့် အင်တာဗျူးပုံစံများဖြင့်လည်းကောင်း ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ယခုနှစ်နွေရာသီမှာ အပူရှိန်မြင့်မားပြီး လူကိုအန္တရာယ်ပြုနိုင်တဲ့ ခရမ်းလွန်ရောင်ခြည်ကျရောက်ကြောင်း သတင်းများထွက်ပေါ်နေတဲ့အတွက် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှ အပူဒဏ်ကာကွယ်ရေးနိုးဆော်ချက်များ ထည့်သွင်းပြီး ပြည်သူလူထုကို အသိပေးလျက်ရှိပါတယ်။ သတင်းစာများမှာလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်ပြီး ပြည်သူများသိရှိနိုင်ရန်အတွက် ဆောင်းပါး၊ ခေါင်းကြီးများတွင် ဖော်ပြပေးလျက်ရှိပါတယ်။ အပတ်စဉ်ထုတ်ဂျာနယ်များနှင့် မဂ္ဂဇင်းများတွင်လည်း အပူရှိန်မြင့်မားမည့်အကြောင်း၊ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ရှိနိုင်သည့်အကြောင်းများကို ဖော်ပြလျက်ရှိတာ တွေ့ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး ဦးစိုးဝင်း မေးမြန်းခဲ့တဲ့ ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ခြင်း၊ အသိပညာပေးခြင်းများကို အများပြည်သူလူထုသိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ

**ရေငန်ဝင်ရောက်သည့်ကမ်းရိုးတန်းဒေသများ၌ သောက်သုံးရေအလုံအလောက်ရရှိရေးဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာပထမဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြသွားမှာကတော့ ရေငန်ဝင်ရောက်တဲ့ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသမှာ သောက်သုံးရေအလုံအလောက်ရရှိရေးနှင့်စပ်လျဉ်းပြီးတင်ပြမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အနောက်ဘက်နှင့် တောင်ဘက်မှာရှိတဲ့ ရခိုင်ပြည်နယ်၊ မွန် ပြည်နယ်၊

တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီး ဒေသအချို့ဟာ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တို့နှင့်တစ်ဆက်တည်း တည်ရှိပြီး ပင်လယ်ရေငန်များဝင်ရောက်တဲ့ဒေသများဖြစ်ပါတယ်။ နှစ်စဉ်နွေရာသီမှာ သောက်သုံးရေ မလုံလောက်မှုအခက်အခဲများနဲ့ကြုံတွေ့နေရပါတယ်။ အများအားဖြင့် ကျေးလက်ဒေသများဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသတွေဟာ မြစ်ချောင်းများပေါများပြီး ရေတွေပေါတယ်ဆိုပေမယ့် နွေရာသီမှာ ရေငန်တွေဖြစ်တဲ့အတွက် ဖောင်စီးရင်းရေငတ်ဆိုတဲ့အဖြစ်မျိုးနဲ့ကြုံတွေ့နေရတဲ့ဒေသတွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဘိုကလေးမြို့နယ်အခြေအနေကိုတင်ပြရမယ်ရင် ဘိုကလေးမြို့နယ်ရဲ့တောင်ဘက်ပိုင်းမှာရှိတဲ့ ကဒုံကနိကျေးရွာအုပ်စု၊ ဧရာကျေးရွာအုပ်စု၊ ကြိမ်ချောင်းကြီးကျေးရွာအုပ်စု၊ ကျွန်းသာယာကျေးရွာအုပ်စု၊ စက်ဆန်းကျေးရွာအုပ်စု၊ ဒေါင့်ကြီးကျေးရွာအုပ်စု၊ မေဂူကျေးရွာအုပ်စု၊ ကျွန်းညိုကြီးကျေးရွာအုပ်စုများမှာပါဝင်တဲ့ ကျေးရွာပေါင်း ၁၉၉ ရွာဟာ ပင်လယ်ရေငန်များဝင်ရောက်တဲ့ဒေသဖြစ်ပါတယ်။ အဲ့ဒီ ဒေသတွေမှာ လူဦးရေ ၁ သိန်းခန့်နေထိုင်ပြီး နှစ်စဉ်နွေရာသီမှာ သောက်သုံးရေအခက်အခဲများနဲ့ကြုံတွေ့နေရပါတယ်။ သောက်သုံးရေမလုံလောက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ပွားခံစားရလေ့ရှိကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂစ်မုန်တိုင်းတိုက်ခံရပြီးနောက်ပိုင်းကာလများမှာ နိုင်ငံတော်အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများက ကျေးရွာအချို့မှာရေရရှိရေးအတွက် အဝီစိစက်ရေတွင်းများတူးဖော်ပြီး ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးခဲ့သော်လည်း မလုံလောက်ပါ။ ယခုအခါမှာ စက်ရေတွင်းတော်တော်များများဟာလည်း ပြန်လည်ပိတ်ဆို့ပျက်စီးနေပြီဖြစ်ပါတယ်။ နွေရာသီမှာ ရေရှားပါးတဲ့အတွက် ရေတစ်စည်လျှင် ၁၅၀၀ ကျပ်လောက်နဲ့ဝယ်ယူသုံးစွဲနေရတဲ့ဒေသများလည်း ရှိပါတယ်။ ဝယ်ယူရာမှာလည်း လိုအပ်သလိုမရရှိပါဘူး။ ဒေသခံပြည်သူအများစုဟာ လက်လုပ်လက်စားများဖြစ်တဲ့အတွက် သောက်သုံးရေဝယ်ဖို့လည်း အခက်အခဲများစွာရှိကြောင်းသိရှိရပါတယ်။ သို့ပါ၍ ရေငန်ဝင်ရောက်တဲ့ဒေသများရှိ ပြည်သူများအတွက် သောက်သုံးရေလုံလောက်အောင်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ၏တင်ပြချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း ရဲ့မေးမြန်းချက်အပေါ်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၏မေးမြန်းချက်ပါ ဘိုကလေးမြို့နယ် စက်ဆန်း၊ ဒေါင့်ကြီး၊ ကဒုံကနိ၊ ကြိမ်ချောင်း၊ ကျွန်းသာယာ၊ ဧရာ၊ မေဂူနှင့် ကျွန်းညို ကျေးရွာအုပ်စု ၈ ခုမှာ ပင်လယ်ကမ်းခြေနဲ့အနီးဆုံးသော ကျေးရွာအုပ်စုများဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ချောင်းမြောင်းများလက်ယှက်ထိုးတည်ရှိနေသဖြင့် သုံးရေအတွက် အခက်အခဲမရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေအတွက် မိုးရေကို အဓိကအားထား သုံးစွဲနေရသောဒေသဖြစ်၍ မိုးရေလှောင်ကန်များကို ဦးစားပေးတူးဖော်ဆောင်ရွက် သင့်ကြောင်း တွေ့ရှိရပါတယ်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နှစ်တို/နှစ်ရှည်စီမံကိန်းများရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၀၀-၂၀၀၁ မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ ကျေးလက်ရေပေးရေး ၁၀ နှစ်စီမံကိန်းကို ရန်ပုံငွေခွဲဝေရရှိမှု အပေါ်အခြေတည်၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍တိုးပွားလာသည့်လူဦးရေ အခြေအနေနှင့် ရေလိုအပ်ချက်အရ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ကျေးလက်ရေပေးရေး ၅ နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ အဆိုပါ ၅ နှစ် စီမံကိန်းကိုအခြေခံ၍ ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေဖြင့် ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တို့တွင် အောက်ပါအတိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) ၂၀၁၁-၂၀၁၂ ခုနှစ် ငပိချောင်းကျေးရွာအုပ်စု ငပိချောင်း၊ ဝဲချောင်းကျေးရွာများမှာ မြေသားမိုးရေလှောင်ကန် ၂ ကန်

(ခ) ၂၀၁၂-၂၀၁၃ ဒေါင့်ကြီးအုပ်စု ကံဆိပ်၊ ငါးဖယ်ချောင်းကျေးရွာများမှာ မြေသား မိုးရေလှောင်ကန် ၂ ကန်၊ ကျွန်းသာယာအုပ်စု ကန့်ဘလာရွာမှာ မြေသားမိုးရေ

လျှောင်ကန် ၁ ကန်၊ ကြိမ်ချောင်းအုပ်စု ချောင်းပြဲကြီးကျေးရွာမှာ မြေသားမိုးရေလှောက်ကန် ၁ ကန်၊ ကျွန်းညိုအုပ်စု ထိပ်ချောင်းကျေးရွာမှာ မြေသားမိုးရေလှောင်ကန် ၁ ကန်

ထို့အတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအထောက်အပံ့ဖြင့် ဘိုကလေးမြို့နယ်အတွင်း၌ မြေသားမိုးရေလှောင်ကန် ၈ ကန်တူးဖော်ခြင်းကို အောက်ဖော်ပြပါကျေးရွာများ၌ တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်-

(က) ညီနောင်ကျေးရွာအုပ်စုမှာ ညီနောင်လေး၊ သဘော့ချောင်း

(ခ) သပြေကုန်းကျေးရွာအုပ်စု ရန်ကင်းစု

(ဂ) သာပေါင်းကျေးရွာအုပ်စု သာပေါင်း၊ ဂျပ်ချောင်း

(ဃ) အောက်လှည်းစုကျေးရွာအုပ်စု ကုလားဝဲကြီး

(င) အေးရွာကျေးရွာအုပ်စုမကျည်းချောင်း၊ ကျည်းပင်စု

၎င်းအပြင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ကျက်သရေကျေးရွာအုပ်စု ကျက်သရေကျေးရွာတွင် ရေဂါလံ ၃ သိန်းဆံ့ မြေသားမိုးရေလှောင်ကန် ၁ ကန် တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ကဒုံကနိနှင့် ကြိမ်ချောင်းကျေးရွာအုပ်စုတို့အတွင်း၌ မြေသားမိုးရေလှောင်ကန် ၅ ကန်ကို တူးဖော်ပေးသွားရန်လျာထားပြီးဖြစ်ပါတယ်။ အထက်ဖော်ပြပါအတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ ယူနီဆက်အဖွဲ့၏ ပူးပေါင်းထောက်ပံ့ငွေတို့ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားအကူအညီအထောက်အပံ့ သို့မဟုတ် ချေးငွေများရရှိလာပါက ဘိုကလေးမြို့နယ်အတွင်း၌ မြေသားမိုးရေလှောင်ကန် ၄၇ ကန် တူးဖော်ပေးနိုင်ရေးလုပ်ငန်းကို လျာထားရေးဆွဲတင်ပြထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပညာရေးစနစ်တွင် နိုင်ငံတကာ ဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကိုမေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ စည်းကမ်းပြည့်ဝပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကို တည်ထောင်တဲ့အခါမှာ ဒီမိုကရေစီသဘောတရားတွေကို နားလည်ပြီး ဒီမိုကရေစီလမ်းကြောင်းကို ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်ရန်အတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ပထမဦးစွာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှုရဲ့ထူးခြားစွာ ကျေးဇူးပြုမှုများ ကျေးဇူးတင်ထိုက်သူများကို ဦးစွာပထမတင်ပြလိုပါတယ်ခင်ဗျား။ ယနေ့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအခင်းအကျင်းမှာ မြန်မာနိုင်ငံတော်ကြီးကို ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကို မထိပါးစေဘဲ ငြိမ်းချမ်းစွာ၊ သဘောထားကြီးစွာ၊ စည်းကမ်းရှိစွာဖြင့် ဒီမိုကရေစီအခြေခံကောင်းတွေနဲ့ချမှတ်ပြီးတော့ ငြိမ်းချမ်းစွာဖြင့် ပြည်သူ့အစိုးရသို့ အာဏာလွှဲပြောင်းပေးခဲ့ပါသောယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဖြစ်တဲ့ တပ်မတော်အစိုးရကိုလည်းအထူးလေးစားစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ နောက်ပြီးတော့ မြန်မာ့ဒီမိုကရေစီလမ်းကြောင်း ချောမွေ့စွာ သွားလာနိုင်ရေးအတွက် လွှတ်တော်အတွင်းမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲနဲ့ ပြည်သူ့ဆန္ဒများကို အခြေခံလာလို့ရှိရင် တစ်ဦးနှင့်တစ်ဦးအတိုက်အခံမပြုလုပ်ဘဲနဲ့ တစ်ဦးသဘောကိုတစ်ဦး ရိုးသားစွာနားလည်ကာ လက်ခံသဘောတူမှုရှိလာအောင် ဦးဆောင်မှုပြုပေးပါသော ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ ပြည်သူ့အကျိုးကို အပင်ပန်းခံပြီးတော့ ကြိုးစားနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း ဒီမိုကရေစီအရေးအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဒါဟာ မြန်မာနိုင်ငံရဲ့ ထူးခြားသော၊ မြင့်မြတ်သော သဘောထားဖြင့် ဒီမိုကရေစီဖော်ဆောင်မှုဆိုရင်လည်း မမှားပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူအတွင်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းမှာ ဒီမိုကရေစီစနစ်နဲ့ ကင်းကွာနေတာဟာ နှစ်ပေါင်း ၅၀ ခန့်ရှိပါတယ်။ ယနေ့ ပြည်သူတချို့ဟာ ဒီမိုကရေစီသဘောတရားစံနှုန်းကျင့်စဉ်များကို သိရှိနားလည်မှုအားနည်းပြီးတဲ့အတွက်ကြောင့် ရိုးသားသော အချို့သော ပြည်သူများကို ဒီမိုကရေစီအလွဲသုံးစားပြုသူများက အသုံးချနေတာလည်း ရှိနေပါတယ်။ အဲဒီလိုပြည်သူတွေနဲ့ မျိုးဆက်သစ်လူငယ်များကို ဒီမိုကရေစီအလွဲသုံးစားပြုသူများ၏ အသုံးချခြင်းမခံရအောင် ယနေ့ ဒီမိုကရေစီစနစ်ကို စနစ်တကျကျင့်သုံးပြီးတော့ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့နိုင်ငံများရဲ့ ဒီမိုကရေစီကျင့်စဉ်များ၊ စံနှုန်းများ၊ ကျင့်သုံးပုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှု အကြောင်းများကိုလည်းကောင်း နမူနာလေ့လာရန်သင်ခန်းစာအဖြစ် သင်ကြားပေးမည်ဆိုပါလျှင် နောင်လာမည့် မျိုးဆက်သစ်လူငယ်များသည် အမျိုးသားစည်းကမ်း အစစာသင်ကျောင်းကဟု ယခင်တုန်းက ဆိုစကားရှိသလို ဒီမိုကရေစီစည်းကမ်းအစ စာသင်ကျောင်းက ဖြစ်လာပါလျှင် ကျွန်တော်တို့သွားလိုတဲ့ စည်းကမ်းပြည့်ဝတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီသို့ အမြန်ဆုံးချောချောမောမောရောက်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နဲ့ နှစ်ပေါင်း ၅၀ ခန့်ကင်းကွာခဲ့သဖြင့် ယနေ့ပြည်သူအချို့သည် ဒီမိုကရေစီသဘောတရားကျင့်စဉ်များကို သိရှိမှုအားနည်းပြီး အံမဝင်ခွင်မကျဖြစ်နေပါသဖြင့် နောင်လာမည့်မျိုးဆက်သစ်များတွင် ဒီမိုကရေစီစနစ်နှင့်အညီ ပြောဆိုကျင့်ကြံနေထိုင်မှုများ စနစ်တကျအားကောင်းလာစေရန် ယနေ့ ပညာရေးစနစ်မှာ လေ့လာရန်သင်ခန်းစာအဖြစ် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် အဆင့်မြင့် ပညာအလိုက် သိသင့်သိထိုက်သော ဒီမိုကရေစီစံနှုန်းများကို နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ထည့်သွင်းသင်ကြားပေးမှသာ နောင်လာမယ့်အနာဂတ်လူငယ်များသည် ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်ကြံနေထိုင်တတ်ခြင်းအားဖြင့် နိုင်ငံအတွက် ဒီမိုကရေစီစနစ်ရဲ့ အသီးအပွင့်ကို ဆောလျင်စွာ၊ ကောင်းမွန်စွာ ခံစားနိုင်မယ်လို့ ထင်မြင်ယူဆပါသဖြင့် ကျောင်းသင်ခန်းစာများတွင် ကျွမ်းကျင်သော ပညာရှင်များနှင့် တိုင်ပင်ကာ ထည့်သွင်းသင်ကြားပေးနိုင်ခြင်းရှိ၊ မရှိမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ယေဘုယျဆွေးနွေးပါမယ်။ ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီရဲ့ နိုင်ငံတကာစံနှုန်းက အများကို ကိုယ်စားပြုသော အများအကျိုးရှေးရှုသောစနစ်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်း၊ အစိုးရအုပ်ချုပ်သူများကို ပြည်သူများက ရွေးကောက်တင်မြှောက်ခြင်းတို့ ဖြစ်ပါတယ်။ ထိုသို့ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေများရေးဆွဲပြဋ္ဌာန်းရပါတယ်။ နိုင်ငံတော်အစိုးရ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အစိုးရဖြစ်စေရန်အတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာတွင် လွတ်လပ်မှုရှိခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူပြီးမှ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ပြုခြင်း၊ သတင်းစာ၊ စာနယ်ဇင်း လွတ်လပ်ခွင့်ရှိခြင်း၊ အများပြည်သူ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုကိုဖော်ဆောင်ပေးခြင်း၊ ကြောက်ရွံ့မှုကင်းခြင်း၊ အများဆန္ဒသဘောထားကို အလေးထား အသိအမှတ်ပြုခြင်းစသည့် လူ့အခွင့်အရေးများဟာလည်း ဒီမိုကရေစီ၏စံနှုန်းများ ဖြစ်ပါတယ်။ အဆိုပါ စံနှုန်းများအတိုင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများတွင် သက်ဆိုင်ရာ ဆရာ ဆရာမများက ကျောင်းသားများ၊ ကျောင်းသူများကို သိရှိနားလည်စေရန် ယခုအချိန်မှစပြီးတော့ ထည့်သွင်းသင်ကြားပေးလျက်ရှိနေပါပြီ။ ထိုသို့ သင်ကြားပေးခြင်းဖြင့် နောင်အနာဂတ်တွင် ဒီမိုကရေစီ၏ အသီးအပွင့်များကို ကောင်းမွန်စွာ ခံစားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မျိုးဆက်သစ်လူငယ်များရဲ့ စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားမြင့်များရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ၊ စာရိတ္တနှင့် လောကနီတိဘာသာရပ် သင်ခန်းစာများကို အခြေခံပညာအဆင့်အလိုက် သင်ကြားပေးလျက်ရှိပြီးတော့ ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်နှင့်ဆက်နွယ်သော လူ့အခွင့်အလမ်းများ ပညာရေးသင်ခန်းစာများကို အလယ်တန်းအဆင့် ပဉ္စမတန်းမှ အထက်တန်းအဆင့် နဝမတန်းအထိ သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ ယခင်က ဆရာကိုင်စာအုပ်သာရှိခဲ့ပေမယ်လို့ လာမယ့်နှစ်မှစပြီးတော့ ကျောင်းသား ကျောင်းသူများ ကိုင်တဲ့စာအုပ်ပါ ကျွန်တော်တို့ပြုစုပြီးတော့ ကလေးတွေကို ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့်

ပညာရေးတို့ အချိုးညီပြည့်ဝလာစေရေးအတွက် လူမှုစီးပွားရေးနယ်ပယ်တွင် ခိုင်မာစွာ ရှင်သန်နိုင်မည့် တွေးခေါ်ကျင့်ကြံပြုမူနေထိုင်တတ်သည့် အရည်အသွေးများပြည့်ဝလာစေရန် ယခု ပညာသင်နှစ်မှစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းသား ကျောင်းသူများအား ဗဟိုအဆင့်နှင့် ကျောင်းအဆင့် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ ကင်းထောက် ကတိနှင့် ကျင့်ဝတ်များတွင်ပါရှိသည့် သူတစ်ပါးအား အစဉ်ကူညီသည် ဂုဏ်သိက္ခာသည် ယုံကြည်စိတ်ချရသည်၊ ကိုယ်နှုတ်နှလုံးသုံးပါးစလုံး ဖြူစင်သန့်ရှင်းသည်ဟူသည့် လူသားတစ်ယောက် ဖြစ်ရေး အတွက် လေ့ကျင့်ပြုစုလျက် ရှိပါတယ်။

အခြေခံပညာ ကျောင်းသား ကျောင်းသူများကို နိုင်ငံသားကောင်းအရည်အသွေးများ ပြည့်ဝစေရေးအတွက် ကျောင်းကောင်စီများ၊ ခေါင်းဆောင်များရွေးချယ်ရာတွင် အရည်အချင်းရှိသူ၊ ကျောင်းနှင့် ကျောင်းသားကျောင်းသူများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်မည့်သူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများကို ရွေးချယ်ဆန္ဒမဲပေးခြင်း၊ လူအများစု၏ ဆန္ဒအရ ဆန္ဒမဲအများဆုံးရရှိ သူကို ခန့်အပ်တာဝန်ပေးခြင်း၊ လူနည်းစု၏ ဆန္ဒကိုလည်း အလေးထားခြင်း၊ ရွေးချယ်ခံရသူ၏ လုပ်ဆောင်မှုကို မပြတ်လေ့လာ၍ ရွေးချယ်မှု၊ မှန်ကန်မှုရှိ/မရှိ ပြန်လည်သုံးသပ်စေခြင်း စသည့် ကျောင်းကောင်စီရွေးချယ်မှု လုပ်ငန်းစဉ်အားလုံးကို ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ အလေ့အကျင့်များဖြင့် ချိတ်ဆက်ပညာပေး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါ အရည်အချင်းများဖြစ်သည့် အသိဉာဏ်ပြည့်မီအောင်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားပြည့်ဝခြင်း၊ စည်းကမ်းသေဝပ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း စသည်တို့နှင့် ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများဖြစ်သည့် နိုင်ငံတော်ကို ကြည်ညိုလေးစားခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း စသည့် တာဝန်ကိုသိရှိခြင်းနှင့် တာဝန်ကိုခံယူလိုခြင်းဆိုင်ရာ သင်ခန်းစာများကိုလည်း ရသစာပေနှင့် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များတွင် ထည့်သွင်းသင်ကြားပေးလျက်ရှိနေပါပြီ။ အဆင့်မြင့်ပညာ ကဏ္ဍတွင် တက္ကသိုလ်ပထမနှစ်ကျောင်းသားများအား ဒီမိုကရေစီနှင့်ပတ်သက် ဆက်နွယ်သော သင်ရိုးညွှန်းတမ်းများကို သမိုင်းဘာသာတွင် ထည့်သွင်းသင်ကြားလျက်ရှိပါတယ်။ ကမ္ဘာ့သမိုင်း ဘာသာရပ်ကို သမိုင်းအထူးပြုကျောင်းသားကျောင်းသူများအတွက် ပထမနှစ်နှင့် သမိုင်းအထူးပြု မဟုတ်သော ကျောင်းသားကျောင်းသူများအားလုံးအတွက် ပထမနှစ်၊ ဒုတိယနှစ်ဝက်တွင်

လည်းကောင်း Modern Myanmar ကို တတိယနှစ်သမိုင်းအထူးပြု ပထမနှစ် ဂုဏ်ထူးတန်း သမိုင်းအထူးပြု ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း Constitutional History of Myanmar ကို တတိယနှစ်ဂုဏ်ထူးတန်း သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများအတွက်လည်းကောင်း သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံတကာဆက်ဆံရေးပညာအထူးပြု ဂုဏ်ထူးတန်းနောက်ဆုံးနှစ်နှင့် မဟာဝိဇ္ဇာအရည်အချင်းစစ် သင်တန်းတွင် ဒီမိုကရေစီနှင့်ဆက်နွယ်သော Political Science; Democracy စသည့်ဘာသာရပ်တွေကို ထည့်သွင်းသင်ကြားလျက်ရှိပါတယ်။ ဒါ့အပြင် မကြာခင်မှာ ကျွန်တော်တို့ Political Science ဘာသာရပ်တစ်ခုကို ဌာနအသစ်အနေနဲ့ ထူထောင်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု မေးတဲ့မေးခွန်းနှင့် ဖြေကြားတဲ့ ဖြေကြားမှုများကို လာမယ့် နောက်နေ့ထုတ်ဝေမယ့် သတင်းစာများမှာ အပြည့်အဝဖော်ပြပေးစေလိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ထိုနည်းတူစွာပဲ ဒီမေးခွန်းနဲ့အဖြေကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်ပေးဖို့အတွက်လည်း လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ပညာရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ လွှတ်တော်ကဥပဒေပြဋ္ဌာန်းဖို့ ဝိုင်းဝန်းဆွေးနွေးနေတာတွေလည်း ရှိပါတယ်။ နိုင်ငံတကာကိုလည်း လေ့လာဆောင်ရွက်နေတာလည်းရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဘက်က ပြောမယ်ဆိုလို့ရှိရင်တော့ ဒီဥပဒေမြန်မြန်နဲ့ ဥပဒေကောင်းတစ်ခုဖြစ်ရေးအတွက်လည်းလိုလားပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ရှိသူများအားလုံးပူးပေါင်းပြီး လာမယ့် သတ္တမအကြိမ် ၇ ကြိမ်မြောက်အစည်းအဝေးမှာ ဒီဥပဒေတစ်ခုဖြစ်လာဖို့ ဝိုင်းဝန်းကြိုးပမ်းပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ကော်မတီအသီးသီးက ဝိုင်းဝန်းကြိုးပမ်းပေးဖို့လည်း မေတ္တာရပ်ခံတင်ပြလိုပါတယ်။

**တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာမြေ၊ မျိုးစေ့၊ ချေးငွေ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေးနည်းပညာစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ကြည်ညိုလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ

တိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများရဲ့အသံ၊ တောင်သူလယ်သမားများရဲ့ ဆန္ဒဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာမြေများနှင့်ပတ်သက်လို့ မေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ မူလက အဆိုတစ်ရပ်အနေနဲ့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ တင်ပြခြင်းရကတော့ လွှတ်တော်များပြီးတဲ့အခါမှာ ကျွန်တော်တို့တစ်တွေဟာ မဲဆန္ဒနယ်အသီးသီးမှာရှိတဲ့ တောင်သူလယ်သမားတွေနဲ့တွေ့ဆုံပြီးတဲ့အခါမှာ လွှတ်တော်က တောင်သူလယ်သမားများရဲ့အကျိုးဆောင်ရွက်နိုင်တဲ့ ဥပဒေ တွေနဲ့ နိုင်ငံတော်အစိုးရကလည်း ဆောင်ရွက်ပေးခဲ့တဲ့အခြေအနေများကို ရှင်းပြတဲ့အခါမှာ တောင်သူ လယ်သမားများက ၎င်းတို့လိုအပ်ချက်များ တင်ပြလာကြပါတယ်။ ဒါကြောင့်မို့လို့ ဒေသအသီးသီးမှာ ရှိတဲ့ တောင်သူလယ်သမားများရဲ့ တင်ပြချက်များကို စုစည်းလိုက်တဲ့အခါမှာ ကျွန်တော်တို့ မူလအဆို မှာ အဆို ၆ ချက်ရှိပါတယ်။ ဒါကို ပြောင်းလဲပြင်ဆင်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်အစိုးရမှာလည်း အခက်အခဲမရှိအောင်၊ တောင်သူလယ်သမားများလည်း အဆင်ပြေအောင်ဆိုပြီးတော့ မေးခွန်းများ ပြောင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းများအနေနဲ့ ကျွန်တော်တို့ပြောင်းတဲ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ အကြပ်အတည်းမဖြစ်ရအောင် မေးခွန်း ၃ ခုမှာ မူဆိုတဲ့ အရာထည့်သွင်းထားပါတယ်။ ဘာလဲဆိုတော့ ရေရှည်တောင်သူလယ်သမားများရဲ့အကျိုးကို ဆောင်ရွက်နိုင်စေဖို့အတွက် ထည့်သွင်းပြီးတော့ မေးထားခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းကို တာဝန်ရှိသူများက မရှိဘူးဆိုလို့ရှိရင် ဖြေဆိုခဲ့လို့ရှိရင်လည်းပဲ လယ်သမားများရဲ့ နှလုံးသားမှာ ဒဏ်ရာရစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မရစေရန်အတွက် နိုင်ငံတော်မှာလည်း အခက်အခဲမရှိစေရန်အတွက် မူဆိုတဲ့ အသုံးအနှုန်းကို ထည့်သွင်းပြီးတော့မေးရခြင်း ဖြစ်ပါတယ်။ တကယ်လိုများ ကျွန်တော့်မေးခွန်းနှင့်ပတ်သက်လို့ သက်ဆိုင်ရာများက အဆင်သင့်မဖြစ်သေးဘူးဆိုလို့ရှိရင်လည်း လာမယ့်လွှတ်တော်များမှာ ဖြေဆိုပေးဖို့ တစ်ဆက်တည်းပဲ ကြိုတင်ပြီးတော့ တင်ပြအပ်ပါတယ်ခင်ဗျား။ မေးခွန်း (၁)ကတော့ တောင်သူလယ်သမားများက မိမိရဲ့ လယ်ယာမြေများ ဓာတ်ခွဲစမ်းသပ်နိုင်ရေးအတွက် မြို့နယ်အသီးသီး၏ စိုက်ပျိုးရေးရုံးများမှာ ဓာတ်ခွဲစမ်းသပ်ခန်းများ ထားရှိဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရမှ မူတစ်ရပ်ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဖြစ်ပါတယ်။ ဒါ ပထမမေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်မှ ယနေ့အထိ လယ်ယာမြေများကို ပြုပြင်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ တောင်သူလယ်သမားများက ခတ်ခွဲစမ်းသပ်နိုင်စွမ်းမရှိ၍ ဖြစ်ပါတယ်။ ယခင်က သီးနှံတစ်မျိုးမျိုးစိုက်ပျိုးပါက သီးနှံပင်များ စိမ်းစိုပြီး ထွက်နှုန်းကောင်း၊ အရည်သွေး ကောင်းခဲ့သော်လည်းပဲ ယခုအခါမှာ သီးနှံစိုက်ပျိုး၍ အပင်ဖြစ်လာကတည်းက အမြစ်အားဆေး၊ အပင်အားဆေး၊ အပွင့်အားဆေး၊ အသီးအားဆေးများကို တောင်သူလယ်သမားများက သုံးစွဲခဲ့ကြရ ပါတယ်။ ရာသီဥတုအရဖြစ်စေ၊ ဖျက်ပိုးများကြောင့်ဖြစ်စေ၊ သီးနှံအထွက်နှုန်းများ လျော့နည်းတဲ့ အခါမှာ ဆေးဖိုးကုန်ကျငွေဘုံများကိုမူ ဆေးဖိုးကုန်ကျငွေများကိုပင် တောင်သူလယ်သမားများက မဆပ်နိုင်ကြတော့ဘဲ ကြွေးတင်ခဲ့ကြရပါတယ်။ ကျွန်တော်တို့ မနှစ်ကဆိုရင် အဆိုးဆုံးဖြစ်ပါတယ်။ မနှစ်က တောင်သူလယ်သမားများဟာ အကြပ်ဆုံးနှစ်တစ်နှစ် ဖြစ်ပါတယ်။ တောင်သူလယ်သမား များက မိမိတို့ရဲ့ လယ်ယာမြေများကို ခတ်ခွဲစမ်းသပ်စေခြင်းဖြင့် သီးနှံအမျိုးအစားအလိုက် မြေများ ပြုပြင်နိုင်ပြီဆိုလျှင် ယနေ့သုံးစွဲနေကြရတဲ့ အမြစ်အားဆေး၊ အပင်အားဆေး၊ အပွင့်အားဆေးနှင့် အသီးအားဆေးများအတွက် ကုန်ကျရတဲ့ စရိတ်ငွေများ သက်သာစေပြီး တောင်သူလယ်သမားများရဲ့ ထွက်ငွေလျော့နည်းစေကာ ဝင်ငွေများတိုးတက်မည်ဖြစ်တဲ့အတွက် အရည်အသွေးကောင်းတဲ့သီးနှံ များ အထွက်တိုးလာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တောင်သူလယ်သမားများအနေနဲ့ အဘယ်ကြောင့် ခတ်ခွဲစမ်းသပ်နိုင်ခြင်းမရှိသလဲဆိုတာ တင်ပြရလျှင် လယ်သမားများဟာ နည်းပညာလည်း မရှိပါ ဘူး။ ခတ်ခွဲစမ်းသပ်တဲ့ကိရိယာလည်း မြို့နယ်များမှာ မရှိပါဘူး။ သို့သော် ငွေကြေးချမ်းသာတဲ့ တောင်သူလယ်သမားကြီးများကတော့ ရန်ကုန်မြို့တွေမှာ သွားရောက်ပြီးတော့ ခတ်ခွဲစမ်းသပ်ရပါ တယ်။ ခတ်ခွဲစမ်းသပ်တဲ့အခါမှာ ခတ်တစ်ခုကို အပြင်မှာ ၁၀၀၀၀ ပေးရပါတယ်။ အဓိကအားဖြင့် မြေမှာ နိုက်ထရိုဂျင်ခတ်၊ ဖော့ထရိတ်ခတ်၊ ပိုတက်ဆီယမ်ခတ်ဆိုတဲ့ ခတ် ၃ မျိုးဟာ အဓိက အချိုးညီစွာရှိဖို့ လိုပါမယ်။ အခြားခတ်အနည်းငယ်များကတော့ ၁၄ မျိုးရှိပါတယ်။ ဥပမာအားဖြင့် ကော့ပါး၊ မော်လတီနမ်၊ MO၊ ဆာလဖာခတ်၊ ကယ်ဆီယမ်ခတ်၊ အိုင်အိုဒင်းခတ်နှင့် မဂ္ဂနီဆီယမ်၊ ဇင့်စတဲ့ ခတ်များကတော့ အနည်းငယ်လိုမှာ ဖြစ်ပါတယ်။ အားလုံးပေါင်း ပြန်ကြည့်ရင် အနည်းငယ် လိုမယ့် ခတ်က ၁၄ မျိုးနှင့် အဓိကလိုတဲ့ ခတ်က ၃ မျိုး၊ စုစုပေါင်း ၁၇ မျိုးရှိပါတယ်။ ဒါကို ကျွန်တော်တို့ ပြင်ပမှာ ခတ်ခွဲစမ်းသပ်လို့ရှိရင် ၁၀၀၀၀ ဆိုရင် ၁၇ မျိုးဆိုရင် ၁၇၀၀၀၀ ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများဟာ ပြင်ပမှာ မိမိလယ်ယာမြေများကို ပြုပြင် နိုင်ဖို့အတွက် ငွေကြေးဟာ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆို(၁)ဖြစ်တဲ့ တောင်သူလယ်

သမားများက မိမိ၏လယ်ယာမြေများ ခာတ်ခွဲစမ်းသပ်နိုင်ရေးအတွက် မြို့နယ်အသီးသီးရဲ့ စိုက်ပျိုးရေးရုံးများမှာ ဓာတ်ခွဲစမ်းသပ်ခန်းများထားရှိဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရမှ မူတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း (၂)ကတော့ အဓိကအားဖြင့် မတ်ပဲမျိုးစေ့များအား မျိုးကောင်းမျိုးသန့်အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီတဲ့ မျိုးစေ့များအဖြစ် သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မူတစ်ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများဟာ အဓိကတော့ စပါးကို စိုက်ပျိုးခဲ့ရပါတယ်။ စပါးပြီးတဲ့အခါမှာ အဓိကစိုက်ပျိုးတဲ့သီးနှံကတော့ မတ်ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘာကြောင့် မူတစ်ရပ်ချမှတ်ပြီးတော့ သုတေသနပြုထုတ်လုပ်ပေးရန်ဆိုတဲ့ အကြောင်းကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာစီးပွားဂျာနယ်များမှာကော၊ လွှတ်တော်မှာ ရှင်းတဲ့အခါမှာကော၊ မြေပြင်အနေအထားမှာကော ကြည့်တဲ့အခါမှာ သုတေသနလုပ်ငန်းကို စပါးရှိမယ်၊ အစေ့ထုတ်ပြောင်းရှိမယ်၊ ဝါရှိမယ်၊ ကြံရှိမယ်၊ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နေကြာနှင့်ပဲတီစိမ်းများကို သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း တွေ့ရှိရသော်လည်းပဲ မတ်ပဲမျိုးစေ့နှင့်ပတ်သက်လို့ သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးမယ့်အစီအစဉ် မတွေ့ရတဲ့အတွက် နိုင်ငံတော် သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပူးပေါင်းပြီးတော့ မတ်ပဲမျိုးကောင်းမျိုးသန့်များကို ဒေသနှင့်ညီတဲ့ မျိုးစေ့များအဖြစ် သုတေသနပြုပြီးတော့ ဖြန့်ဖြူးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်သူလယ်သမားများအနေနဲ့ မျိုးစပါးရိတ်သိမ်းပြီး ဆောင်းသီးနှံ မတ်ပဲသီးနှံကိုသာ အဓိကထားစိုက်ပျိုးကြရပါတယ်။ ထွက်ရှိလာတဲ့စပါးများ၊ သီးနှံများကို နောင်နှစ်အတွက် မျိုးထားခြင်း၊ ဝမ်းစာသိုလှောင်ခြင်း၊ ပိုလျှံက ရောင်းချပြီး ကြွေးများ ဆပ်ခြင်း များဆောင်ရွက်ကြရပါတယ်။ ဆောင်းသီးနှံဖြစ်တဲ့ မတ်ပဲများထွက်ရှိလာမှသာလျှင် ရရှိတဲ့ငွေနဲ့ မိသားစုရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် မီးဖိုချောင်သုံးပစ္စည်းများအား ဖြည့်ဆည်းရတဲ့ အဓိကထားရတဲ့ သီးနှံဖြစ်ပါတယ်။ ကမ္ဘာမှာ ပဲမျိုးစုံတင်ပို့တဲ့နိုင်ငံများမှာ မြန်မာနိုင်ငံဟာ ဒုတိယနေရာကရရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဓိကကတော့ မတ်ပဲသီးနှံမှာ အဓိကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မေးခွန်းဖြစ်တဲ့ မတ်ပဲမျိုးစေ့များအား မျိုးကောင်းမျိုးသန့်အထွက်နှုန်းကောင်းပြီး ဒေသနှင့် ကိုက်ညီတဲ့ မျိုးစေ့များအဖြစ် သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် မူတစ်ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့ ဒုတိယမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယမေးခွန်းကတော့ လယ်ယာမြေဥပဒေနှင့်အညီ ဘဏ်များမှ စိုက်ပျိုးထုတ်လုပ်မှု ချေးငွေများ၊ လုံလောက်စွာထုတ်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ လယ်ယာမြေပြုပြင်နိုင်ရေးနှင့် စိုက်ပျိုးစရိတ်များ၊ စက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂(င)အရ နိုင်ငံတော်ဘဏ်သို့မဟုတ် ပုဂ္ဂလိကဘဏ်များမှ လယ်ယာမြေလုပ်ပိုင်ခွင့်အား အပေါင်ထား၍ ချေးငွေခွင့်ပြုရန်ရှိကြောင်းဥပဒေမှာ ဒီအတိုင်းပဲ ကျွန်တော် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြလိုတာက လက်ရှိတောင်သူလယ်သမားများရဲ့ ချေးငွေကို ထုတ်ပေးနေတာက လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်များ ဖြစ်ပါတယ်။ နောက်တစ်ခု မြို့နယ်အသီးသီးမှာရှိတာက မြန်မာ့စီးပွားရေးဘဏ်ဖြစ်ပါတယ်။ ဒီနေရာမှာ လယ်ယာစိုက်ပျိုးရေးဘဏ်က အခုနိုင်ငံတော်အစိုးရက တောင်သူလယ်သမားများအတွက် အလေးထားပြီး အဆင်ပြေစေရန်အတွက် စိုက်ပျိုးစရိတ်များကို တစ်သိန်းအထိချေးပြီး ယာသမားများကို တစ်ဧက ၂၀၀၀၀ အထိချေးပေးတယ်ဆိုတာလည်း တောင်သူလယ်သမားများအတွက် ဝမ်းသာကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်ဆိုလိုတာက လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ကျွန်တော်တို့က ဘဏ်များမှာ အပေါင်ထားပြီးတော့ ချေးခြင်းလုပ်ငန်းသက်သက်ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက လက်ရှိညောင်တုန်းမြို့နယ်မှာဆိုရင် မြန်မာ့စီးပွားရေးဘဏ်တစ်ခုပဲ ရှိပါတယ်။ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုတဲ့အခြားဘဏ်များဖွင့်လှစ်ပေးမှသာလျှင် လယ်ယာမြေဥပဒေအရ လုပ်ပိုင်ခွင့်ကို အပေါင်ထားပြီးတော့ချေးတဲ့လုပ်ငန်းဟာ အချိန်မီဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ မေးခွန်း(၄)ကတော့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အာမခံတဲ့ ပိုးသတ်ဆေးဥပဒေအဖြစ် ဖော်ဆောင် ပေးရန် အစီအစဉ်ရှိ၊ မရှိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိတည်ဆဲ ပိုးသတ်ဆေးဥပဒေနှင့် နည်းဥပဒေများဟာ သီးနှံစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအတွက် အကာအကွယ် သို့မဟုတ် အာမခံချက်မရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယနေ့အခြေအနေမှာ တောင်သူလယ်သမားများအနေနဲ့ ပိုးသတ်ဆေးအမျိုးမျိုးအား ဝယ်ယူသုံးစွဲခဲ့ကြရသော်လည်းပဲ ဆေးညွှန်းပါ အရည်အသွေးမမီတဲ့အတွက် ပိုးများသေဆုံးမှုမရှိဘဲ သီးနှံများပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ဆေးဖိုးများပင် အကြွေးတင်လျက်ရှိပါတယ်။ ဒါကြောင့် ပိုးသတ်ဆေးများသည် အညွှန်းပါအတိုင်း အရည်အသွေး အာနိသင်မမီပါက ဆုံးရှုံးသွားသော သီးနှံဖိုးနှင့် ဆေးဖိုးများအား ဆေးရောင်းသူ သို့မဟုတ် ဆေးကိုယ်စားလှယ်

သို့မဟုတ် ဆေးထုတ်လုပ်သည့် ကုမ္ပဏီများမှ ပေးလျော်ရမည်ဆိုသည့် အာမခံချက်အား ပိုးသတ်ဆေးဥပဒေတွင် ပါရှိသင့်ပါကြောင်း တင်ပြလိုပါတယ်။ တည်ဆဲပိုးသတ်ဆေးဥပဒေနှင့် နည်းဥပဒေများဟာ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် အာမခံချက်မပါရှိတဲ့အတွက် တည်ဆဲပိုးသတ်ဆေးဥပဒေအား ပြင်ဆင် သို့မဟုတ် ဖြည့်စွက် သို့မဟုတ် အသစ်ပြန်လည်ရေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းရခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်းတင်ပြလိုတာက သက်ဆိုင်ရာဝန်ကြီးဌာနများက မပြင်ဆင်နိုင်သေးဘူးဆိုရင်လည်းပဲ လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီများက ဒီပိုးသတ်ဆေးဥပဒေကို ပြန်လည်သုံးသပ်ပေးပါရန် တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ (၅)မေးခွန်းကတော့ ဒေသအသီးသီးရှိ တောင်သူလယ်သမားများရဲ့ ဘွဲ့ရပညာတတ်သားသမီးများအား စိုက်ပျိုးရေးနည်းပညာများကို စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးပြီး ဒေသအသီးသီးမှာ ပြန်လည်တာဝန်ပေးအပ်စေရန်အတွက် မူတစ်ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်းကျင်များမှာ စိုက်ပျိုးရေးနည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း တွေ့မြင်နေရပါတယ်။ မြို့နယ်များမှာလည်း စိုက်ပျိုးရေးပညာပေးစခန်းများ ထားရှိဆောင်ရွက်သည်မှာ နှစ်ပေါင်းဆယ်လီအကြိမ်ကြိမ်ရှိနေပြီ ဖြစ်သော်လည်း စိုက်ပျိုးရေးနည်းပညာများမှာ ဒေသအသီးသီးမှာ ပျံ့နှံ့မှုမရှိသေးပါဘူး။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို သင်ကြားပေးရန်မှာ စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဒီပလိုမာ သင်တန်းများဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး နည်းပညာထွန်းကားတဲ့ ပြင်ပနိုင်ငံများသို့လည်း ဝန်ထမ်းများကို ပညာသင်များစေလွှတ်သည်ကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ နှစ်ပေါင်းဆယ်လီအကြိမ်ကြိမ်ရှိပြီး ဖြစ်သော်လည်းပဲ စိုက်ပျိုးရေးနည်းပညာအသုံးပြု၍ ဒေသအသီးသီးရှိ တောင်သူလယ်သမားများရဲ့ လယ်ယာမြေများတွင် စိုက်ပျိုးနိုင်မှုယခုတိုင် မရှိသေးပါ။ ဒါကြောင့် ဒေသအသီးသီးတွင် စိုက်ပျိုးရေးနည်းပညာဖြင့် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူလယ်သမားများရဲ့ သားသမီးဘွဲ့ရပညာတတ်များအား စိုက်ပျိုးရေးနည်းပညာများအား စာတွေ့၊ လက်တွေ့သင်ကြားလေ့ကျင့်စေပြီး မိမိတို့ဒေသအသီးသီးမှာ ပြန်လည်တာဝန်ပေးအပ်စေရန်အတွက် မူတစ်ရပ်ချမှတ်ပေးပြီးတော့ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလိုတာက လွှတ်တော်ကိုယ်စားလှယ် အသီးသီးက တောင်သူလယ်သမားများနှင့်တွေ့ပြီးတော့ လွှတ်တော်အတွေ့အကြုံများ ဆွေးနွေးဖိတ်ကြားတဲ့ အခါမှာ

ကျွန်တော်တို့နှင့်အတူ စိုက်ပျိုးရေးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးမှ တာဝန်ရှိသူများလည်းပဲ ရှိပါတယ်။ ရှိသော်လည်းပဲ ပါတဲ့အခါမှာ၊ ဆွေးနွေးပြီးတဲ့အခါမှာ တောင်သူလယ်သမားများက နားထောင်ပြီးတော့ အကြံပြုသော်လည်းပဲ စိုက်ပျိုးရေးဌာနက ပညာရှင်များ စိုက်ပျိုးရေးကဏ္ဍ ဆွေးနွေးတဲ့အခါမှာ ထပြီးတော့ ပြန်သွားတာတွေ့ရပါတယ်။ ပြန်ကြည့်ရင် ကျွန်တော်တို့သက်တမ်းအရ ကျေးလက်မှာ ဘွဲ့ရပညာတတ်နည်းပါတယ်။ ယခုအခါမှာတော့ တောင်သူလယ်သမားသားသမီးများဟာ၊ ဘွဲ့ရပညာတတ်များဟာ လွန်စွာမှရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးကို သိပ္ပံနည်းကျ နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်မယ်ဆိုပါက တောင်သူလယ်သမားသားသမီးများ ဘွဲ့ရများကို လေ့ကျင့်သင်ကြားပေးပြီးတော့ ဆောင်ရွက်မယ်ဆိုမှသာလျှင် စိုက်ပျိုးရေးကို သိပ္ပံနည်းကျဖြင့် ဒေသအသီးသီးအောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ နောက်ဆုံးမေးခွန်းကတော့ စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံများကို တန်ဖိုးသင့်တင့်မျှတတဲ့ တန်ဖိုးရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်မံရှင်းပြစရာမလိုပါဘူး။ မေးခွန်းသာမေးပါ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ဒါကြောင့်မို့လို့ သီးနှံများ သင့်တင့်မျှတတဲ့ တန်ဖိုးရှိအောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ ဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကလည်း မေးမြန်းထားပြီး ဖြစ်ပါတယ်။ ကျွန်တော်အကြံပြုတင်ပြချင်တာကတော့ ဒီနေ့ မတ်ပဲဈေးနှုန်းဟာ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးဖို့ပဲ ဖြစ်ပါတယ်။ မိနစ် ၂၀ ပြည့်ပါပြီ။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ သို့ပါ၍ ကျွန်တော်တင်ပြသော မေးခွန်း ၆ ခုအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားတဲ့အခါမှာ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)၊ (၆) ဖြေရန်မလိုပါဘူး။ တာဝန်ရှိတဲ့လူကဆက်လက်ပြီးတော့ ဖြေကြားပါလိမ့်မယ်။ ဒါကြောင့် မေးခွန်း(၁)နဲ့မေးခွန်း(၂)ကိုလည်း လိုအပ်သလောက်ပဲဖြေပေးပါ။

## ဖြေကြားချက်

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း၏ တောင်သူလယ်သမားများ၏ အသံ၊ တောင်သူ လယ်သမားများ၏ဆန္ဒဖြစ်သည့် တောင်သူလယ်သမားများ၏ဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရန် လိုအပ်သော အဓိကသော့ချက်ကြီး ၆ ချက်မေးမြန်းခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးခွန်း(၁)နှင့် (၂)ကို ဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ လယ်ယာမြေများ ဓာတ်ခွဲစမ်းသပ်နိုင်ရေးဆောင်ရွက်ပေးရန်ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းဖြေကြား ပါမယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနတွင် စိုက်ပျိုးမြေများ၏ မြေဆီလွှာအဟာရဓာတ်ပါဝင်မှုနှင့် မြေ ချဉ်၊ ငန်ကိန်းများကိုသိရှိနိုင်ရန် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများအတွက် မြေဆီလွှာဓာတ်ခွဲခန်းကို ရန်ကုန်မြို့တွင်လည်းကောင်း၊ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများအတွက် မြေဆီလွှာဓာတ်ခွဲခန်းကို မန္တလေးမြို့တွင်လည်းကောင်း တည်ထောင်၍ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ပေးခြင်းကိုဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအပ်နှံမယ့် မြေဆီလွှာ နမူနာများ၊ ရေနမူနာများနှင့် မြေဩဇာနမူနာများကို ဓာတ်ခွဲစစ်ဆေးခနှုန်းထားသတ်မှတ်လျက် ဓာတ်ခွဲစစ်ဆေးပေးခြင်းကိုဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ နှုန်းထားယူရခြင်းအကြောင်းအရင်း ကတော့ နိုင်ငံတော်၏ခွင့်ပြုချက်ရန်ပုံငွေဖြင့် ဓာတ်ခွဲခန်းများမှာလိုအပ်တဲ့ဓာတုပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းပြီး စစ်ဆေးပေးရခြင်းဖြစ်တဲ့အတွက်ကြောင့် အခကြေးငွေယူခြင်းဖြစ်ပါတယ်။ ထို့အပြင် တောင်သူလယ်သမားများကိုယ်တိုင် မိမိတို့၏ စိုက်ပျိုးမြေများအား မြေဆီလွှာချဉ်၊ ငန်ဓာတ်အနည်းအများကိုစစ်ဆေးသိရှိနိုင်ရန် မြေဆီလွှာဓာတ်ခွဲသေတ္တာငယ် (Soil Test Kit) များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ လယ်ယာမြေဓာတ်ခွဲစမ်းသပ်နိုင်ရေးနှင့်ပတ်သက်၍ မြေဆီလွှာ ဓာတ်ခွဲသေတ္တာငယ်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနဲ့ဆက်သွယ်ဝယ်ယူပြီး တောင်သူ လယ်သမားများကိုယ်တိုင်မြေဆီလွှာချဉ်၊ ငန်ဓာတ်အနည်းအများကို စမ်းသပ်သိရှိနိုင်ပါကြောင်းနှင့်

စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်သွယ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေ၊ ရေ၊ မြေဩဇာနမူနာများ၏အာဟာရဓာတ်ပါဝင်မှုနှင့် သုံးစွဲရန်သင့်/မသင့်အခြေအနေတို့ကို ဓာတ်ခွဲစမ်းသပ်မှုများဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအချက်အဖြစ် မျိုးကောင်း၊ မျိုးသန့်၊ အထွက်နှုန်းကောင်းပြီး ဒေသနဲ့ကိုက်ညီသည့် မျိုးစေ့များအဖြစ် သုတေသနပြုထုတ်လုပ်ဖြန့်ဖြူးပေးရန်ဆိုတဲ့အချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ နိုင်ငံတော်၏အမျိုးသားတာဝန်ဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် ၈ ရပ်တွင်ပါဝင်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ကိုတောင်သူလယ်သမားများ၏အကျိုးငှာ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးမှ ဝင်ငွေနှစ်ဆမြင့်မားရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး တာဝန်ကြီး ၃ ရပ်ကို သတ်မှတ်ဆောင်ရွက်လျက် ရှိရာမှာ မျိုးကောင်း၊ မျိုးသန့်များအသုံးပြုစိုက်ပျိုးရေးကို တာဝန်တစ်ရပ်အဖြစ်အလေးထားသတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီးနှံအမျိုးအစားအလိုက် ဒေသနဲ့ကိုက်ညီဖြစ်ထွန်းအောင်မြင်သော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ကြစေရန် သုတေသနပြုစမ်းသပ်စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များအသုံးပြု၍ သိပ္ပံနည်းကျစိုက်ပျိုးစနစ် များဖြင့် သီးနှံစံပြစိုက်ခင်းများစိုက်ပျိုးပြသခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များပွားများထုတ်လုပ်ခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်၏အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးအပါအဝင် အဓိကသီးနှံများဖြစ်တဲ့ ပဲမျိုးစုံဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် မျိုးကောင်း၊ မျိုးသန့်များထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါ တယ်။ ဆန်စပါးသီးနှံများအား တောင်သူလယ်သမားများဝင်ငွေတွက်ချေကိုက်ပြီး နိုင်ငံခြားဈေးကွက် ဝင်သည့် စပ်မျိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များထုတ်လုပ်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ တင်း ၁၀၀ ထွက်ရှိသော စပ်မျိုးအစေ့ထုတ်ပြောင်းများ ကိုလည်း ပွားများထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆီထွက်သီးနှံတွင် မြေပဲသီးနှံကိုတစ်ဧက တင်း ၁၀၀ ထွက်ရှိသည့်မြေပဲမျိုးများ၊ တစ်ဧကတင်း ၅၀ ကျော်ထွက်ရှိသည့်စပ်မျိုးနေကြာများကို မျိုးသန့် မျိုးပွားခြံများထူထောင်၍ တောင်သူများလက်ဝယ်အရောက်မျိုးဖြန့်ဖြူးရေးဆောင်ရွက်လျက်ရှိပါ တယ်။ သီးနှံအမယ်အလိုက် ဈေးကွက်ရရှိနိုင်ရေးအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အသွေးမြင့် အထွက်နှုန်းကောင်းမွန်ရန်လိုအပ်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ

အပိုင်းမှလည်း မျိုးသန့်မျိုးပွားစိုက်ကွင်းများပေါ်ပေါက်လာရေးတွင် ပါဝင်ဆောင်ရွက်ကြရန်ကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးတွက်ချေကိုက်သည့်မျိုးများကို မျိုးသန့်မျိုးပွား ထုတ်လုပ်ရာတွင် ဒေသအလိုက်ပျံ့နှံ့အောင်ဆောင်ရွက်မှသာလျှင် နိုင်ငံတကာဈေးကွက်တွင် မိမိတို့၏လယ်ယာထွက်ကုန်များဈေးကောင်းရရှိနိုင်မည်ဖြစ်၍ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများဖြစ်ကြသည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစသည့် သီးနှံ အမယ်အလိုက် ဒေသနဲ့ကိုက်ညီဖြစ်ထွန်းသည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးသန့် များကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးအတွက် သုတေသနပြုစမ်းသပ်စိုက်ပျိုးခြင်းများ၊ မျိုးသန့်ပွားများ စိုက်ထုတ်လုပ်ခြင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဓိကတာဝန်တစ်ရပ် အဖြစ်အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများမှာပါ ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးကိုလည်း အားပေးတိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်ခင်ဗျား။ ကျန်တဲ့အချက်အလက်တွေကိုတော့ မဖြေရှင်းတော့ပါဘူး။ အားလုံး ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**တောင်သူလယ်သမားများနှင့် အလုပ်သမားများ အခွင့်အရေးများ ကာကွယ်သည့် ဥပဒေဆောင်ရွက် ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်က ဦးဌေးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးဌေးဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများ၊ အလုပ်သမားများကာကွယ်သည့် ဥပဒေများနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြည်သူအများစုဟာတောင်သူလယ်သမားများနဲ့ အလုပ်သမားများ ဖြစ်ကြပါတယ်။ တောင်သူလယ်သမားများနှင့်အလုပ်သမားများဟာ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံမှုနဲ့ ကုန်ထုတ်လုပ်မှုအတွက် အဓိကစွမ်းဆောင်ပေးနေကြသူများဖြစ်ကြပါတယ်။ ဒါ့ကြောင့်ရင်းတို့ဟာ နိုင်ငံတော်ရဲ့အဓိကကျသော အခြေခံလူတန်းစားများဖြစ်ကြပါတယ်။ ယနေ့

နိုင်ငံတော်က ဖော်ဆောင်ကျင့်သုံးနေတဲ့ ဒီမိုကရေစီလမ်းစဉ်အတွက်လည်း အခြေခံလူတန်းစားများရဲ့ မိသားစုဘဝများ အဆင်ပြေလုံခြုံစွာရပ်တည်နိုင်မှသာ ရည်ရွယ်ချက်ဖြစ်တဲ့ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားသလို ပုဒ်မ ၂၄ မှာလည်း နိုင်ငံတော်သည်အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟု တိတိကျကျ ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှလည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ တောင်သူလယ်သမား၊ အလုပ်သမားများအား ကာကွယ်သည့်ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်း ဆောင်ရွက်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် ပတ်သက်၍ လက်တွေ့ဖြစ်စဉ်များအချို့ကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားများဟာ ရာသီဥတုအခြေအနေဖောက်ပြန်မှု၊ ထွက်ကုန်သီးနှံများရဲ့ ဈေးနှုန်းနည်းပါးမှု၊ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ လုပ်အားခ၊ သွင်းအားစုဈေးနှုန်းများ မြင့်မားမှုတို့ကြောင့် ရင်းနှီးစိုက်ထုတ်မှုနဲ့ ရရှိသည့်အကျိုးအမြတ်များ မကာမိဘဲပဲ အရှုံးနဲ့ရင်ဆိုင်နေရတဲ့အတွက် တစ်ရာသီပြီးနောက်တစ်ရာသီစိုက်ပျိုးနိုင်ရန် ရင်းနှီးငွေကို မစိုက်ထုတ်နိုင်တော့ပဲ အတိုးကြီးကြီးနဲ့ ရတဲ့နေရာက ချေးငှားစိုက်ပျိုးနေရပါတယ်။ ဒီလိုစိုက်ပျိုးတဲ့နေရာမှာလည်း ပြည့်စုံလုံလောက်မှုမရှိတဲ့အတွက် သွင်းအားစုနဲ့လုပ်အား အပြည့်အဝအသုံးမပြုနိုင်တဲ့အတွက် ထွက်ရှိလာတဲ့သီးနှံများဟာ ဈေးကွက်ဝင် အရည်အချင်းမမီခြင်း၊ ပန်းတိုင်အထွက်နှုန်း မရရှိခြင်း တို့ကြောင့် အကျိုးအမြတ်မရှိပဲ အရှုံးနှင့် ထပ်မံရင်ဆိုင်ကြရပြန်ပါတယ်။ ဒီအချိန်မှာချေးယူထားတဲ့ငွေများ အပေါ်မှာလည်း အတိုးကတက်လာပြန်တဲ့အတွက် ရှိတဲ့လှည်း၊ နွားရောင်းဆပ်ရပြန်ပါတယ်။ ဒီလိုနဲ့သံသရာလည်ပြီး သူတို့ဘဝဟာ တိုးတက်မလာတော့ပဲ မိသားစုဘဝရပ်တည်ဖို့အတွက် အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြရပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ လယ်ယာမြေများ ဆုံးရှုံးရမှုကြောင့်လည်း ဘဝရပ်တည်မှုပျက်သွားကြရတာကိုလည်း တွေ့နေရပါတယ်။ ဒီလိုအခက်အခဲတွေကြောင့် သားသမီးတွေရဲ့ပညာသင်ကြားရေးအတွက် မတတ်နိုင်တော့လို့ ပညာတစ်ပိုင်းတစ်စနဲ့ ဆက်လက်သင်ယူနိုင်ခွင့်မရှိတော့ပဲ မိသားစုဘဝဝမ်းစာ

အတွက် ရရာအလုပ်ဝင်လုပ်နေရတဲ့ အခြေအနေမျိုး ရောက်နေတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း အလွန်နစ်နာလှပါတယ်။ အလုပ်သမားများရဲ့ဘဝကို လေ့လာရာမှာလည်း ရရှိတဲ့လုပ်ခနဲ့ ဖြစ်ပေါ်နေတဲ့ ကုန်ဈေးနှုန်းအခြေအနေမမျှတမှု၊ နေရေးထိုင်ရေးအဆင်မပြေနိုင်မှု၊ အလုပ်ချိန်နှင့် လုပ်ခလစာမမျှတမှုများ စတဲ့အခက်အခဲများကြောင့် ရရှိတဲ့ဝင်ငွေဟာ မိသားစု ထံမပို့နိုင်တော့ပဲ မိမိတစ်ဦးတည်းရဲ့ဘဝ ရပ်တည်မှုအတွက်ပဲ ခက်ခဲလျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ခက်ခဲမှုကြောင့်လည်း ရရာအလုပ်ကို ရသလောက် လုပ်ခနဲ့ ဝင်ရောက်လုပ်ကိုင်ကြရတဲ့အတွက် စားဝတ်နေရေးအတွက်ပင် ပြည့်စုံလုံလောက်မှုမရှိဘဲ လူမှုဘဝများ နိမ့်ပါးလျက်ရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ထို့ကြောင့်တောင်သူလယ်သမားများနှင့် အလုပ်သမားများရဲ့ အကျိုးစီးပွားနဲ့ ဘဝရပ်တည်မှုများ လုံခြုံပြည့်စုံမှုရှိအောင်ကာကွယ်တဲ့ ဥပဒေများရှိ ရန်အတွက်လိုအပ်ပါတယ်။ ဒါ့ကြောင့်ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံမှာလက်ရှိကျင့်သုံးနေတဲ့ တောင်သူလယ်သမားများနှင့် အလုပ်သမားများအား ကာကွယ်သည့်ဥပဒေများသည် ပြည့်စုံလုံ လောက်အောင် ကာကွယ်ပေးနိုင်ခြင်း ရှိ၊ မရှိ ပြန်လည် သုံးသပ်ပြီး ကာကွယ်ပေးနိုင်ခြင်း မရှိသည့်ဥပဒေများကို ပျယ်ဖျက်ခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများအား သိရှိလိုပါကြောင်း လေးစားစွာမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းတဲ့ မေးမြန်းချက်နဲ့ ဦးအောင်မြသန်း ညောင်တုန်းကမေးတဲ့ မေးခွန်းများဟာ တချို့ဟာ ဆက်စပ်ပြီးတော့ဖြေကြားရမှာ ဖြစ်ပါတယ်။ ဦးအောင်မြသန်း မေးလိုသည့် မေးခွန်းအနှစ်ချုပ်က တောင်သူလယ်သမားများ၏ အသံ၊ တောင်သူ လယ်သမားများ၏ ဆန္ဒဖြစ်သည့် တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာမြေများ ခာတ်ခွဲစမ်းသပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊ မျိုးကောင်းမျိုးသန့် အထွက်နှုန်း ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များအဖြစ် သုတေသနထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ လယ်ယာမြေဥပဒေနှင့်အညီ ဘဏ်များမှ လုံလောက်သောချေးငွေခွင့်ပြုရန်၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု ကို အာမခံသည့် ပိုးသတ်ဆေးဥပဒေအဖြစ် ဖော်ဆောင်ပေးရန်၊ စိုက်ပျိုးရေးနည်းပညာ စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးရန်၊ သီးနှံများသင့်တင့်မျှတသည့် တန်ဖိုးရရှိအောင်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းတဲ့နေရာမှာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း မေးမြန်းသွားတဲ့မေးမြန်းချက်ကို ဖြေကြားဖို့ ကျွန်တော်တို့ လွှတ်တော်

ကျွန်တော်တို့ဆီမှာလည်း တာဝန်ရှိလာပါတယ်။ ဒါ့ကြောင့်လည်း ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပြည်ထောင်စု လွှတ်တော်မှာတင်ပြခဲ့တဲ့တင်ပြချက်နဲ့ သက်ဆိုင်တဲ့အတွက် ဖြေကြားရန်ကျွန်တော့်မှာ တာဝန်ရှိ တယ်လို့ပဲ ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌ ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ အဲ့ဒီလိုပြည်ထောင်စုလွှတ်တော်မှာ တင်ပြအပြီးနောက်မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရုံးက ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မရှင်ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့မှာအကြောင်းကြားခဲ့ပါတယ်။ အကြောင်းအရာကတော့ ဥပဒေများညှိနှိုင်းရေး ဆွဲနိုင်ရေးဖြစ်ပါတယ်။ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်ရန်အတွက် ဥပဒေများ ပြဋ္ဌာန်းထားရှိခြင်း ရှိ၊ မရှိ။ ပြဋ္ဌာန်းထားရှိခြင်းရှိပါက ယနေ့အချိန်အခါတွင် အမှန်တကယ် ကာကွယ်စောင့်ရှောက်နိုင်ခြင်းရှိ၊ မရှိနဲ့ ထုတ်ပြန်ထားခြင်း မရှိသေးပါက သက်ဆိုင်ရာကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲနိုင်ရေး အကြောင်းကြားပါသည်ဟု ဆိုပြီးတော့ ကော်မရှင်ဆီပေးပို့ခဲ့ပါတယ်။ ဒီနေ့ကော်မရှင်အနေနဲ့လည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းလည်းသိရပါတယ်။ ဒါ့ကြောင့် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ကော်မတီများ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲပြီး လာမည့် (၇) ကြိမ်မြောက် လွှတ်တော်အစည်းအဝေးများအတွင်း ဥပဒေတစ်ရပ်ဖြစ်လာရေးအတွက် ဆောင်ရွက်သွားရန်ကိုလည်း လွှတ်တော် မှ တိုက်တွန်းလိုပါတယ်။ ဒါ့ကြောင့်ဒီလို တိုက်တွန်းချက်နဲ့အညီ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းရဲ့ မေးခွန်းအား ပြန်လည်ဖြေကြားခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်မြသန်းမေးတဲ့ မေးခွန်း၊ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆)သည် ဥပဒေအရဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ဥပဒေပြုပြီးမှသာ ဆောင်ရွက်ရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်မှာမဟုတ်သလို ဖြေကြားမှုကလည်း ထိရောက်မှုရှိမှာမဟုတ်ပါဘူး။ ဥပဒေပြုရေးဆိုတဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနားလည်ထားသလိုပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဥပဒေကြမ်းများတင်သွင်းနိုင်သလို လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းများ တင်သွင်း နိုင်ဖြစ်တဲ့အတွက် အကယ်လို့ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ ပြင်ဆင်ရန်လိုတယ်ဆိုရင်၊ ပယ်ဖျက် လိုတယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း အစပျိုးတင်ပြနိုင်တဲ့ အခွင့်အရေး များရှိပါတယ်။ အဲ့ဒီလိုမှမဟုတ်သေးဘူး။ ဥပဒေအသစ်ရေးဆွဲဖို့လိုတယ်ဆိုရင် လွှတ်တော်

ကိုယ်စားလှယ်များ တစ်ဦးချင်းအနေနဲ့သော်လည်းကောင်း၊ ကော်မတီအနေနဲ့သော်လည်းကောင်း ရေးဆွဲနိုင်တာ ဖြစ်တဲ့အတွက် မိမိတို့ရဲ့ရရှိထားတဲ့ အခွင့်အရေးကို မှန်မှန်ကန်ကန်အသုံးချပြီး ပြည်သူလူထု ဒီနေ့ပြောနေတဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဥပဒေများဖြစ်ရေးအတွက်လည်း မိမိတို့လွှတ်တော်က ဆောင်ရွက် နိုင်သလို ဆောင်ရွက်ပေးဖို့ လည်းလိုကြောင်း ဦးအောင်မြသန်းရဲ့မေးခွန်းကို တစ်ပါတည်း ဖြေကြားတာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ရုံးဖွဲ့စည်းပုံတိုးချဲ့မှုအား ကိုယ်စားလှယ်များသို့အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ရုံးအား ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄၆/၂၀၁၀) ၏သဘောတူညီချက်အရ စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လွှတ်တော်ရေးရာလုပ်ငန်းများအားထမ်းဆောင်ခဲ့ပါတယ်။ ယနေ့အချိန် အခါတွင် ဆောင်ရွက်ရသောလုပ်ငန်းတာဝန်များအထူးများပြားလာ၍ လုပ်ငန်းတာဝန်နှင့် လိုက်လျော ညီထွေဖြစ်စေနိုင်မည့် ပြည်သူ့လွှတ်တော်ရုံးဖွဲ့စည်းပုံအား ဖွဲ့စည်းရန်လိုအပ်သောကြောင့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ (ဋ) နှင့် ၆၉ တို့နှင့်အညီ ပြည်သူ့လွှတ်တော်ရုံးအား တိုးချဲ့ ဖွဲ့စည်းမှုဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ နိုင်ငံတကာလွှတ်တော်များရဲ့ ဖွဲ့စည်းမှုအခြေအနေ မိမိတို့လွှတ်တော်ရဲ့ ဖွဲ့စည်းမှုအခြေအနေနှိုင်းယှဉ်သုံးသပ်ပြီး ဖွဲ့စည်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဖွဲ့စည်းမှုကိုလည်း ပြီးခဲ့တဲ့ ၆ လခန့်စပြီးတော့ အကြိမ်ကြိမ်ဆွေးနွေး ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ သို့ရာတွင် ဒီလိုဆောင်ရွက်တဲ့နေရာမှာ တချို့လွှတ်တော်ကိုယ်စားလှယ်က ဖွဲ့စည်းပုံကြီးဖောင်းပွနေတယ်ဆိုတဲ့ဟာလည်း လွှတ်တော်အစည်းအဝေးမတိုင်ခင်မှာ ဒီလိုလာတင်ပြ ပါတယ်။ ဒါကြောင့် ကျွန်တော် လွှတ်တော်ထဲရောက်မှပဲပြန်ရှင်းပြမယ်။ ဒီလိုဖွဲ့စည်းမှုဟာ ဖွဲ့စည်းပုံ ယူထားပြီးတဲ့အခါမှာ တကယ်အမှန်တကယ် လက်တွေ့ကျကျဆောင်ရွက်နိုင်မယ့်အနေအထား ဖြစ်အောင် ကန့်သတ်အင်အားနဲ့ဆောင်ရွက်ဖို့လည်း ရည်ရွယ်ထားတာလည်းရှိပါတယ်။

ဒါကြောင့်မို့လို့ ယခုတင်ပြထားတဲ့ ဖွဲ့စည်းပုံအားအတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ပြည်သူ့လွှတ်တော်ရုံး ဖွဲ့စည်းပုံတိုးချဲ့မှု အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ကော်မတီနှင့် ကော်မရှင်အဖွဲ့ဝင်များ ပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများမှလစ်လပ်သွားသော ကိုယ်စားလှယ်များ၏နေရာတွင် ဖြည့်စွက်တာဝန်ပေးခြင်းနှင့် ကော်မတီပြောင်းလဲတာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဖြည့်စွက် တာဝန်ပေးခြင်းအနေဖြင့် ဥပဒေကြမ်းကော်မတီတွင်လစ်လပ်သွားသော ဦးငွန်မောင်း၏နေရာတွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်းအားလည်းကောင်း၊ ပြည်သူ့ငွေစာရင်းကော်မတီတွင် လစ်လပ် သွားသော ဦးမန်းမောင်မောင်ဉာဏ်၏နေရာတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေအားလည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတွင် လစ်လပ်သွားသော ဦးငွန်မောင်း၏နေရာတွင် ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းအားလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင် လစ်လပ်သွားသော ဦးမန်းမောင်မောင်ဉာဏ်၏နေရာတွင် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးအားလည်းကောင်း၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် လစ်လပ် သွားသော ဒေါ်ဝင်းမော်ထွန်း၏နေရာတွင် ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ တင်မောင်ကြိုင်အား လည်းကောင်း ဖြည့်စွက်တာဝန်ပေးအပ်ကြောင်းအသိပေးကြေညာပါတယ်။ ဆက်လက်ပြီး ကော်မတီ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းအနေဖြင့် လွှတ်တော်အခွင့်အရေးကော်မတီတွင် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေအစား ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်အားလည်းကောင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးအစား လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေးအားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေးအစား သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးအားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ဦးရှိန်ကျော်ဝင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်အား ကျန်းမာရေးမြှင့်တင်မှုကော်မတီသို့လည်းကောင်း၊

ကျန်းမာရေးမြှင့်တင်မှုကော်မတီမှ ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်ကြောင်း အသိပေးကြေညာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်၊ ဒေါက်တာအောင်ထွန်းသက်(ပါမောက္ခ-ငြိမ်း)၊ ဦးမြသိန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဦးသန်းထွန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဦးမြင့်လွင်(တရားလွှတ်တော်ရှေ့နေ)တို့အား အဖွဲ့ဝင်အဖြစ်မှပယ်ဖျက်လိုက်ပါတယ်။ ဦးခင်မောင်ထွန်း(တွဲဖက်စစ်ထောက်ချုပ်-ငြိမ်း)၊ ဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဒုတိယဗိုလ်မှူးကြီးအောင်ခင်သိန်း(ကာကွယ်ရေးဝန်ကြီးဌာန - စစ်ဥပဒေချုပ်ရုံး၊ ဒေါ်ညိုညိုလှ (စာရင်းစစ်နှင့်ဘဏ္ဍာရေးအကြံပေးအဖွဲ့) တို့အား ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ်ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့အသိပေးကြေညာပါတယ်။

## ၁၉-၃-၂၀၁၃ ရက်နေ့တွင်တင်သွင်းသော သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှတာဝန်ယူပြီး သက်ဆိုင်ရာလွှတ်တော်ကော်မတီများ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ ဥပဒေကြမ်းရေးဆွဲတင်ပြရန်တာဝန်ပေးအပ်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉-၃-၂၀၁၃ ရက်နေ့တွင် တင်သွင်းသော သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ဖြစ်ပွားနေသော ယာဉ်မတော်တဆထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိသည့်ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များမရှိသေးပါက လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာထုတ်ပြန်ပေးရေးအတွက် လွှတ်တော်သို့တိုက်တွန်းကြောင်းအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီမှ တာဝန်ယူပြီး သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ဥပဒေကြမ်းတစ်ရပ်ရေးဆွဲ၍ လွှတ်တော်သို့တင်ပြကြရန် အသိပေးကြေညာအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိပြန်လည်ပေးပို့ထားသော ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၃-၃-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်းပြင်ဆင်ချက်မရှိပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် လွှတ်တော် ၂ ရပ်က သဘောတူတယ်လို့မှတ်ယူရမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ဖြစ်သော ၁၃-၃-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း များပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၀-၃-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့သော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ဖြစ်သော ၇-၃-၂၀၁၃ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၃-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကိုတင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိခဲ့ပါ။ ဒါကြောင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။

## မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူတို့၏ ကောင်းကျိုးမှန်သမျှကို ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ၏ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ -

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်နိုင်ရန် ပေးပို့လာပါသည်။

၂။ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၈/၂၀၁၁)ဖြင့် ၂၇-၁-၂၀၁၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထားဝယ်

အထူးစီးပွားရေးဇုန်ဥပဒေကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်(၁၇/၂၀၁၁)ဖြင့် ၂၇.၁.၂၀၁၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေအရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တွင် အထူးစီးပွားရေးဇုန်လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အားနည်းချက်အချို့ တွေ့ရှိရသဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအသစ်ကို ထပ်မံရေးဆွဲရခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

၄။ တည်ဆဲမြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင်-

(က) ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို တစ်ပေါင်းတည်း ဖော်ပြထားခြင်း၊

(ခ) ရင်းနှီးတည်ဆောက်သူအတွက် သက်သာခွင့်နှင့် အခြားအခွင့်အရေးများ ပြဋ္ဌာန်းထားမှုမရှိခြင်း၊

(ဂ) အခွန်အကောက်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာရှင်းလင်းပြတ်သားမှုမရှိခြင်း၊ အချို့ကိစ္စရပ်များတွင် အခွန်နှစ်ကြိမ် ကောက်ခံသည့်သဘော သက်ရောက်နေခြင်း၊

(ဃ) အခြားနိုင်ငံများ၏ အထူးစီးပွားရေးဇုန် ဥပဒေများနှင့် နှိုင်းယှဉ်လျှင် ဆွဲဆောင်မှုအားနည်းခြင်း၊

(င) အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များ မပါရှိခြင်းစသည့် အားနည်းချက်များကို ပြင်ဆင်၍ ဥပဒေအသစ် ရေးဆွဲရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး အသေးစိတ်ဖတ်စရာမလိုပါဘူး။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တည်ဆဲမြန်မာအထူးစီးပွားရေးဇုန်တွင် အပိုဒ်ခွဲ(က)ကနေ (င) အထိပါရှိပါတယ်။ ဆက်လက်ပြီး အပိုဒ် ၅၊ အပိုဒ် ၆ မှာလည်း ဒီအတိုင်းပဲ ဖတ်ကြားတင်သွင်းပေးပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ကိုယ်စားလှယ်များထံကို ကျွန်တော်တို့ အစီရင်ခံစာများ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အပိုဒ် ၅ ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

၅။ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းတွင် အခန်း ၁၈ ခန်းနှင့် ဥပဒေပုဒ်မပေါင်း ၉၅ ခု ရှိပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ(၁၂)ချက်တို့နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ၁-၃-၂၀၁၃၊ ၄-၃-၂၀၁၃၊ ၅-၃-၂၀၁၃၊ ၇-၃-၂၀၁၃ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး အစည်းအဝေးသို့ ဥပဒေကြမ်းကော်မတီဝင်များ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

၆။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ကြရာ ပြင်ဆင်ချက် ၉၂ ချက်ရှိခဲ့ပါတယ်။ အဆိုပါ ပြင်ဆင်ချက်များအား ကိုယ်စားလှယ်တော်ကြီးများထံသို့ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် လွှတ်တော်၏ အချိန်ကို လေးစားငဲ့ကွက်သောအားဖြင့် ဖတ်ကြားခြင်း မပြုတော့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၇။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ အတည်ပြုပေးနိုင်ပါရန်လွှတ်တော်သို့လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ အရ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နှင့်အညီ ဒီဥပဒေကြမ်း

နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၅-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့တွင်ပင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ၊ ၆ ကြိမ်မြောက် အစည်းအဝေးကြီး ပြီးဆုံးမှာဖြစ်ပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ဆောင်ပုဒ်နဲ့အညီ လွှတ်တော်အတွင်းမှာ ပြည်သူ့အသံများ ညံစီစွာ လွှမ်းမိုးခဲ့ပါတယ်။ ထိုအသံများမှာလည်း ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များ ဖြစ်ပါတယ်။ ပြည်သူများ၏ဆန္ဒ၊ လိုလားချက်၊ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက၊ ပြည်ထောင်စု လွှတ်တော်အတွင်းမှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် အတူ ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့်ရော၊ လွှတ်တော်ကော်မတီများအနေဖြင့်ပါ ဖော်ဆောင်ပေးနိုင်ခဲ့တာဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရက တင်ပြလာသော စီမံကိန်း၊ အများအသိ ဘတ်ဂျက်ဟုခေါ်သော အရအသုံးခန့်မှန်းခြေနှင့် အခွန်ဥပဒေကြမ်းများမှာ ပါရှိလာတဲ့ အချက်အလက်နှင့် အကြောင်းအရာများကို မဆီလျော်တာများ ဆီလျော်အောင်၊ ရှေ့နောက်မညီတာများ ရှေ့နောက်ညီအောင်၊ မမျှတတာများ မျှတအောင်၊ အကျိုးမရှိတာများ အကျိုးရှိအောင်၊ စေတနာသဒ္ဒါထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ်များအား ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ထုတ်ဖော်ပြောကြား လိုပါတယ်။

လွှတ်တော်နှင့်အစိုးရ သဟဇာတမျှမျှတတညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာနှင့်အညီ နေထိုင်စားသောက်နိုင်ရေးကို ရှေ့ရှု ဖြစ်ပေါ်စေသော လစာစရိတ်၊ ရုံးသုံးစရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း၊ ဆင်းရဲနွမ်းပါး နေလင့်ကစား မိဘများက သားသမီးများ၏ ပညာရေးအတွက် ဆရာ/ ဆရာမများကို ငှားရမ်း အကုန်အကျခံမှုပြုနေကြရသော ကိုယ့်အားကိုယ်ကိုးကျောင်း၊ မူလွန်ကျောင်း၊ တွဲဖက်ကျောင်း အသီးသီးရှိ ဆရာ/ဆရာမများအား

နိုင်ငံတော်က ငွေကြေးစိုက်ထုတ်ထောက်ပံ့မှုပြုနိုင်စေခြင်း၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများအား ကူပံ့နိုင်ခြင်းများ ပြုနိုင်စေခြင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြို့ပြနှင့် ကျေးလက် မကွာခြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတစ်နိုင်ငံလုံး မြှင့်တင်နိုင်ရေးအတွက် ရန်ပုံငွေများ၊ တိုးမြှင့်ပေးအပ်နိုင်ခဲ့သလို မျှတစွာ ဆောင်ရွက်ပေးနိုင်ခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး၊ ဒေသအတွင်းသင့်တင့်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် စီမံကိန်းများဆောင်ရွက်ရာတွင် ဒေသခံများ အလုပ်အကိုင် ရရှိရေးအတွက်လည်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်သူလယ်သမားများ၊ အလုပ်သမားများ အခွင့်အရေးကို ကာကွယ်သည့် ဥပဒေများအား အလျင်အမြန်ပေါ်ထွက်လာပြီး ဆင်းရဲမှုနှင့် ဆင်းရဲမှုကြောင့်ဖြစ်ပေါ် လာကြသော နောက်ဆက်တွဲ အခက်အခဲနှင့်ဒုက္ခများ ဖြေလျှော့စေမည့် အစီအစဉ်များ ချမှတ်နိုင်ရေးအတွက်လည်း လွှတ်တော်များက ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်လို့ ဥပဒေကြမ်းအချို့ကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်နှင့် ဌာနအသီးသီးတွင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

သတ္တမအကြိမ်အစည်းအဝေးမှာ မဖြစ်မနေ ပြဋ္ဌာန်းပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။ အခြေအနေကလည်း တောင်းဆိုနေပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဟာ ဒီမိုကရေစီ၏ အသက်ဝိညာဉ်လို့ အချို့နိုင်ငံများက ဆိုစမှတ်ပြုထားကြပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကလည်း ထိုဆိုစမှတ်ကို ခံယူသည့်အပြင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြစ်ထွန်းစေသော၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ကာကွယ်စောင့်ရှောက်သော ဥပဒေများ ပြဋ္ဌာန်းပေးရမှာ လွှတ်တော်ရဲ့ တာဝန်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းလိုက်သော ဥပဒေများကို အစိုးရအဖွဲ့အပါအဝင် နိုင်ငံသားအားလုံးက လိုက်နာ ဆောင်ရွက်ရေးအတွက် အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေးကိုပါ အဓိက တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ကိုယ်တာဝန်ခံထုတ်ပြန်ထားသော ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်သည့်နည်းတူ သက်ဆိုင်ရာဌာန အသီးသီးကလည်း တာဝန်ခံစီမံခန့်ခွဲရသည့်ဥပဒေများကို အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ လူပုဂ္ဂိုလ်အလိုက် သော်လည်းကောင်း၊ ဥပဒေနှင့်အညီ လိုက်နာခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်းများပြုကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ တရားဥပဒေဘောင်အတွင်း လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခြင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခြင်းဟူသော ပြည်ထောင်စု(Union)ဟူသော အနက်

အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ မရှိမဖြစ် လိုအပ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလျဉ်းသင့်လို့ လွှတ်တော်အပေါ် အမြင်အမျိုးမျိုး ရှိတဲ့အကြောင်း တင်ပြပါရစေ။ လွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားလှယ်များတင်ပြထားတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေနဲ့ အဆိုတွေကို လွှတ်တော်အတွင်းမှာ အားလုံးကို ဖြေဆိုပေးဖို့ လွှတ်တော် ဥက္ကဋ္ဌက ခွင့်ပြုဆောင်ရွက်ပေးစေလိုကြတယ်။ လက်တွေ့ခွင့်ပြုပေးမှုနှင့် စီစဉ်ဆောင်ရွက်ပေးမှု အပေါ် အထင်အမျိုးမျိုး၊ အမြင်အမျိုးမျိုးလည်း ရှိခဲ့ကြတယ်။ ဖြေဆိုဆွေးနွေးပေးကြရတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကတော့ လွှတ်တော်ကိုယ်စားလှယ်များမေးတဲ့ မေးခွန်းများ၊ အဆိုများဟာ အချို့အခက်အခဲ ဖြစ်စေတယ်။ အကျပ်အတည်း ဖြစ်စေတယ်။ ဂုဏ်သိက္ခာကို ထိခိုက် စေတယ်။ ရိုင်းပြရန်လိုတဲ့ သဘောတွေကို အချို့မေးခွန်းနဲ့အဆိုတွေမှာ ပါရှိတယ်လို့ အထင်ရှိကြတယ်။ ဒါ့ကြောင့် လွှတ်တော်ထဲလာဖြေရမှာ ဝန်လေးကြတယ်။ အမြင်မကျယ်သူ မရင့်ကျက်တဲ့ပြည်သူအချို့နဲ့ လွှတ်တော်အကြောင်း သေချာစွာ လေ့လာသိရှိမှု မပြုရသေးတဲ့ ပြည်သူအချို့က လွှတ်တော်က စကားချည်းများနေတာပဲ၊ ပြည်သူ့ငွေတွေ သုံးဖြုန်းနေတာပဲ၊ ဘာမှလည်း အလုပ်မဖြစ်ဘူး။ လွှတ်တော် ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမှာ အချိန်ဖြုန်းပြီး နေကြတယ်တဲ့။ လွှတ်တော်ကို စိတ်ဝင်စားတဲ့၊ သဘောသဘာဝသိတဲ့သူတွေကတော့ လွှတ်တော်က လွှတ်တော်နဲ့တူလာပြီ၊ ဒီလိုသာလွှတ်တော် တွင်းမှာ ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ဒီမိုကရေစီပြုပြင် ပြောင်းလဲမှု မလွဲမသွေအောင်မြင်မှာပဲ။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံက လွှတ်တော်တွေ လက်ညှိုးထောင် ခေါင်းညိတ်မဟုတ် တော့ဘူး။ Rubber stamp အမည်ခံ မည်ကာမတ္တလွှတ်တော် မဟုတ်ဘူးတဲ့။

လွှတ်တော်ဥက္ကဋ္ဌကတော့ လွှတ်တော်မှာ လုပ်စရာအများကြီးကျန်နေတယ်။ အလုပ်တွေ လုပ်နိုင်အောင် လက်ရှိအခြေအနေ၊ လက်ရှိလွှတ်တော်နှင့် လျော်ညီတဲ့ ဖွဲ့စည်းမှုတွေ လုပ်ရမယ်။ တည်ဆဲဥပဒေတွေ လေ့လာသုံးသပ်ပြီး ပြင်ရန်၊ ပယ်ဖျက်ရန်၊ အသစ် ပြဋ္ဌာန်းရန်တွေ များစွာရှိနေပြီ။ တွေ့နေပြီ။ စေတနာထားရင် ထားသလောက် ပင်ပန်းကြကြောင်းကိုလည်း တွေ့မြင်ကြရတယ်။ အချို့လွှတ်တော်ကိုယ်စားလှယ်တွေ စာအုပ်စာတမ်းစုဆောင်းရ၊ ဖတ်ရှုလေ့လာရ၊ ဖုန်းဆက်ရ၊ ကွန်ပျူတာစီရ၊ စာရေးရ၊ တော်တော်ပင်ပင်ပန်းပန်းဆောင်ရွက်သလို ငွေကြေးလည်း ကုန်ကျမှု ရှိပါတယ်။

23-1-2013(Record)

ဥက္ကဋ္ဌလည်း အများနည်းတူ မမောမပန်း ပြည်သူ့အတွက်၊ အများအတွက် ကြိုးစား လုပ်ဆောင်လျက်ရှိပါတယ်။ သို့ရာတွင် တစ်ခါတစ်လေ ကိုယ်စားလှယ်များထံမှ ၎င်းတို့ရဲ့ မေးခွန်းများ၊ အဆိုများဆွေးနွေးပြောဆိုခွင့်ကိစ္စနှင့်စပ်လျဉ်းပြီး ပြောလာကြတဲ့ကိစ္စ ကိုယ်စားလှယ်များအတွက်၊ အားလုံးအတွက် ပါရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့အခါ စိတ်မကောင်း ဖြစ်ရပါတယ်။ ကိုယ့်စိတ်က ကိုယ့်အတွက် အရေးကြီးဆုံးဖြစ်ပေမယ့် အများနှင့် စာလျှင်၊ နိုင်ငံနှင့်စာလျှင် အရေးမကြီးတော့တာမို့ နောက်ရောက်သွားတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ယခု ၆ ကြိမ်မြောက် အစည်းအဝေးတွင် ယင်းကိစ္စများနှင့် ပတ်သက်၍ လေ့လာလိုက်လျှင် လွှတ်တော်သို့ မေးမြန်း တင်ပြလာတဲ့ ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် အဆိုမှ မေးခွန်းပြောင်း ၁၆ ခု အပါအဝင် ၄၀၈ ခုရှိပြီး ဖြေဆိုနိုင်ခဲ့တာ ၁၉၆ ခု၊ ကျန်ရှိ ၂၁၂ ခု၊ ကြယ်ပွင့်မပြမေးခွန်းအနေနှင့် ၄၈၂ ခု၊ အဆို ၂၂ ခုမှ ဆွေးနွေးနိုင်မှု ၁၄ ခု၊ ကျန် ၈ ခု၊ ဥပဒေကြမ်း ၃၉ ခုအနက် ဆွေးနွေးနိုင်မှု ၂၉ ခု၊ ပြီးပြတ်ပြီး ၁၅ ခု၊ ပြီးပြတ်ရန်ကျန် ၁၄ ခု၊ လုံးဝကျန် ၁၀ ခု ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်နေသေးတဲ့ မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်း တွေနဲ့စပ်လျဉ်းပြီး ပြည်သူများရဲ့ အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ပြည်သူများနှင့် မီဒီယာများကလည်း လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ် များအပေါ် ဝေဖန်မှု၊ အကြံပေးမှုများအပြင် လွှတ်တော်ရေးရာကိစ္စအဝဝအတွက် ပါဝင်နိုင်သည့် ကိစ္စများတွင် ပါဝင်နိုင်ကြပါကြောင်းနဲ့ ပြည်သူများက လွှတ်တော်အပေါ် စိတ်ဝင်စားပြီး ပြည်သူများအားလုံး ပါဝင်ရေးအတွက် မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ပေးကြဖို့ လွှတ်တော်တွင် ဆန္ဒရှိပါကြောင်း ပြောကြားရင်းနိဂုံးချုပ် လိုက်ပါတယ်။ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေး ပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၃၀) ရက်မြောက်နေ့ အစည်းအဝေးပြီးဆုံးပါပြီ။ ပထမအကြိမ်

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ဇွန်လ တတိယအပတ်အကုန် ဇွန်လ ၂၁ ရက်ထက်မစော ခေါ်ယူမည်မဟုတ်ကြောင်း အသိပေးပါတယ်။ ယခု ၂၀၁၃ ခုနှစ် မတ်လ ၂၂(သောကြာနေ့)မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း ၁၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင် ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ၁၂း၁၅ နာရီတွင်ရပ်နားပါသည်။]